မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၅၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

အဖွဲ့ဝင်(၁၅)ဦးပါ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်း

ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများ မထားရှိကြဘဲ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်ထောင်စု၏ အကျိုးစီးပွား၊ ပြည်သူတို့၏ အကျိုးစီးပွားအတွက် စည်းလုံးညီညွတ်စွာဆောင်ရွက်

နေပြည်တော် မတ် ၇

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃) ဦးရှိသည့်အနက် (၄၃၂) ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၇၇ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၈ ရက်)

ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး ဝိုင်းဝန်းဆောင်ရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ထောင်ရာတွင် ပြည်သူတိုင်းသည် ကျန်းမာကြံ့ခိုင် သန်စွမ်းပြီး ပညာရည်မြင့်မားရေးသည် အရေးကြီးသော အကြောင်းအချက်တစ်ရပ်ဖြစ်သည်။ ပြည်သူများ ကျန်းမာကြံ့ခိုင် နေပါမှ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးများကို တစ်ဖက်တစ်လမ်းမှ ထမ်းဆောင် နိုင်ကြမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူပေါင်း ၃၃ဒသမ၃သန်းခန့်သည် အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်နေကြောင်း UNAIDS အစီရင်ခံစာ ၂၀၀၉ အရ သိရှိရသည်။ ယင်းတို့အနက် ထက်ဝက်နီးပါးမှာ အမျိုးသမီးများဖြစ်ကြပြီး နေ့စဉ်လူပေါင်း ၇၀၀၀ ကျော် တစ်နည်းအားဖြင့် မိနစ်တိုင်း၌ လူငါးဦး ရောဂါပိုးကူးစက်လျက်ရှိကြောင်း ဖော်ပြထားသည်။ ၂၀၀၉ခုနှစ်တစ်နှစ်တည်း၌ပင် လူပေါင်း ၂ဒသမ၆သန်းခန့် ရောဂါကူးစက်ခံရပြီး ၁ဒသမ၈သန်းခန့် သေဆုံးခဲ့ရသည်။ ကမ္ဘာတစ်ဝန်းရှိ (၁၅ နှစ်မှ ၄၉ နှစ်အကြား) သေဆုံးကြသူများတွင် အေအိုင်ဒီအက်စ်ရောဂါကြောင့် အများဆုံးသေဆုံးရခြင်းဖြစ်ပြီး ယင်းရောဂါကြောင့် အချို့နိုင်ငံများ၏ လူ့သက်တမ်း လျော့နည်းလာခဲ့ရသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သည့် ဝန်ကြီးဌာနများ၊ ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အဓိကလုပ်ငန်းစဉ် ၁၀ခုဖြင့် ဆောင်ရွက်လျက်ရှိသည်။

စာရင်းမှတ်တမ်းများအရ အမျိုးသမီးများတွင် အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ခံရမှု တဖြည်းဖြည်း များပြားလာခြင်းကြောင့် ယင်းရောဂါပိုးကူးစက်မှုမှ ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၀ခုနှစ်အထိ ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှု ကာကွယ်ရေးလုပ်ငန်းကို မြို့နယ်ပေါင်း ၂၁၀နှင့် ဆေးရုံကြီး ၃၈ရုံတို့၌ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုရောဂါ ကုသရေး၊ ကာကွယ်ရေး၊ ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံတိုးချဲ့ဆောင်ရွက်ရာတွင် အဖွဲ့အစည်းအသီးသီးက ပူးပေါင်းဆောင်ရွက်သည်သာမက ပြည်သူများအပိုင်းကလည်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးပိုလ်မှူးချုပ်စိုးထွန်း
နွေစပါးနှင့် ပဲတီစိမ်းစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် မတ် ၃ရက်က ပဲခူးခရိုင် သနပ်ပင်မြို့နယ် အောက်စုကွင်းရပ်ကွက် တောင်သူတစ်ဦး၏ လယ်မြေသို့ရောက်ရှိပြီး လယ်မြေအတွင်း နွေစပါးစိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ဆက်လက်၍ ပဲခူးမြို့ ကမာနတ်ကျေးရွာ တောင်သူတစ်ဦး၏ ပဲတီစိမ်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပဲခူးမြို့ ပဲခူးအထွေထွေပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံတက် ကုသမှုခံယူလျက်ရှိသည့် လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် ပဲခူးအထွေထွေပြည်သူ့ဆေးရုံကြီး၏ တိုးချဲ့သံဃာဆောင်ဆောက်လုပ်နေမှုအခြေအနေနှင့် ဆေးရုံဝင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တီရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စစ်တွေ၌ သင်တန်းဖွင့်

စစ်တွေ မတ် ၇

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအတွက် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်းကို ရခိုင်ပြည်နယ် စစ်တွေမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဖေဖော်ဝါရီ ၂၇ရက် နံနက် ၉နာရီကကျင်းပရာ အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာမောင်မောင် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းတွင် ကျွဲနွားများ၌ ဖြစ်ပွားတတ်သောရောဂါ ခြောက်မျိုး၊ ဝက်များတွင် ဖြစ်ပွားတတ်သော ရောဂါသုံးမျိုး၊ ကြက်များတွင် ဖြစ်ပွားတတ်သောရောဂါလေးမျိုး၊ သိုးဆိတ်ရောဂါတစ်မျိုးနှင့် ခွေးရူးရောဂါများ အကြောင်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကြည်က ရှင်းလင်းပို့ချခဲ့သည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၇ရက်မှ ၂၈ရက်အထိဖြစ်ပြီး ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သား ၁၂ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် မွေး/ကု)**

ရွှေတောင်၌ ကွင်းဖွဲ့မြေတိုင်းတာမှုလုပ်ငန်းများဆောင်ရွက်

ရွှေတောင် မတ် ၇

ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးဦးသည် ပြည်ခရိုင် မြေစာရင်းဦးစီးဌာနမှူးဦးစိုးဝင်း၊ ရွှေတောင်မြို့နယ် မြေစာရင်းဦးစီးဌာနမှူးဦးအေးထွန်းတို့လိုက်ပါလျက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၏ ကွင်းဖွဲ့မြေတိုင်းတာရေးစီမံချက်အရ ရွှေတောင်မြို့နယ်အတွင်း ကွင်းဖွဲ့တိုင်းတာမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၁ရက်က ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်လျက်ရှိ

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၏ မြေတိုင်းတာရေးစီမံချက်အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်အတွင်း ယခုနှစ် မြေတိုင်းရာသီ၌ ကွင်းပေါင်း ၁၀၀ကွင်းဖွဲ့တိုင်းတာရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ကွင်းအားလုံး ကွက်ကြဲတိုင်းတာပြီးစီး၍ ကွက်စိပ်တိုင်းတာမှုများကို အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အလက(၈) မင်္ဂလာဒုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂ရက်က အဆိုပါကျောင်း ဇော်ဂျီခန်းမ၌ ကျင်းပစဉ်။

(ပညာရေး)

ငှက်ဝါသနာရှင်အသင်း ငှက်ကြည့်အခြေခံသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၇

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုစေရန်၊ ကျွမ်းကျင်သည့် ငှက်ကြည့်ဧည့်လမ်းညွှန်များအား လေ့ကျင့်မွေးထုတ်ပေးရန်နှင့် ငှက်များနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်နေသူများ၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပြီး ငှက်ကြည့်အခြေခံသင်တန်း အမှတ်စဉ်(၅)ကို မြန်မာငှက်ဝါသနာရှင်အသင်း၏ စီစဉ်မှုဖြင့် မတ် ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည် ဖြစ်သည်။

သင်ကြားပို့ချ

သင်တန်းတွင် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံ မျိုးကွဲများ၊ ငှက်အမျိုးအစား ခွဲခြားနည်း၊ ငှက်ကြည့် လေ့လာနည်းနှင့် ငှက်ကြည့်မှန်ပြောင်းအသုံးပြုနည်း၊ ငှက်ကြည့်လေ့လာရာတွင် ဆောင်ရန်၊ ရှောင်ရန်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့ကို တက္ကသိုလ်များမှ သတ္တဗေဒပညာရှင်များ၊ မြန်မာငှက်ဝါသနာရှင်အသင်းမှ ပညာရှင်များနှင့် တာဝန်ရှိသူများက စာတွေ့၊ လက်တွေ့သင်ကြားပို့ချမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သင်တန်းကာလ သုံးရက်အတွင်း ပထမနှစ်ရက်ကို မြန်မာငှက် ဝါသနာရှင်များအသင်းတွင် စာတွေ့သင်ကြားမည်ဖြစ်ပြီး နောက်ဆုံးတတိယရက်ကို လှော်ကားဥယျာဉ်၌ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကာ လိုအပ်သည့် ငှက်ကြည့်လမ်းညွှန်စာအုပ် (Field Guide) နှင့် ငှက်ကြည့်မှန်ပြောင်း (Binoculars) များကို အသင်းက ငှားရမ်း ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ သင်တန်းသားဦးရေကို ၂၅ဦးသာ လက်ခံသင်ကြားပို့ချသွားမည်ဖြစ်သဖြင့် အသင်းဝင်ထားသူများနှင့် သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူများကိုသာ ဦးစားပေးလက်ခံသွားမည်ဖြစ်ကြောင်း၊ သင်တန်းဝင်ခွင့်ပုံစံကို မတ် ၈ ရက်အထိသာ လက်ခံပြီး ဆက်သွယ်စုံစမ်းလိုပါက မြန်မာငှက်ဝါသနာရှင်အသင်း တော်ဝင်နှင်းဆီ လေဘာတီစာကြည့်တိုက် အမှတ်၂၂၃ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၂၇၁၉ နှင့် ၅၄၈၀၉၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရုံးဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ပျိုးဥယျာဉ်ပျိုးထောင်စိုက်ပျိုးထားရှိမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဇန်နဝါရီ ၂၈ရက် က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

8-3 (02).pmd 1 3/8/2011, 2:41 AM

❖ *ရှေ့ဖုံးမှ*

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားရာတွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ နှင့် ၆၇ တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို (၁၅) ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်၌တင်ပြပြီး အတည်ပြုချက်ရယူ ဖွဲ့စည်းရမည် ဖြစ်ပါကြောင်း။

အကျိုးဝင်သက်ဆိုင်

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၁ တွင် “ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ပြီး လွှတ်တော်သို့ တင်ပြရမည်”ဟု ပြဋ္ဌာန်းသတ်မှတ်ထားပါကြောင်း၊ ၎င်းသတ်မှတ်ချက်အရ ကော်မတီသည် ပြည်သူ့လွှတ်တော်တွင်

ရှင်းလင်းပြောကြား

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

တက်ရောက်

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။
(သတင်းစဉ်)

ကိုယ်စားလှယ်များ၏ မေးမြန်းချက်အပေါ် ဖြေကြားသည့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းက မည်ကဲ့သို့ဆောင်ရွက်ပေးမည်ဆိုသည့် စကား၊ ကတိ၊ အာမခံချက်မျိုးကို မှတ်တမ်းတင်ထားပြီး တာဝန်ယူဆောင်ရွက်မှု အခြေအနေများကို စိစစ်ရမည်ဖြစ်ပါကြောင်း၊ ၎င်းနှင့်ဆက်စပ်ပြီး ပြည်ထောင်စုအစိုးရ အဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာများနှင့် စပ်လျဉ်းပြီး ကတိပြုထားသည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များလည်း အကျုံးဝင်သက်ဆိုင်မှာ ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်းပြီး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း။

ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်းမှာပင် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၇၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ အရ ကော်မတီ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရ၏ အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းရန် လျာထားပါကြောင်း၊ ကော်မတီဝင်များ၏ သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော် သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး လွှတ်တော်က သတ်မှတ်ပေးမည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အစိုးရ၏ အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင် ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်များမှာ-

(၁) ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေ ကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ဖြေကြားသော မေးခွန်းများ နှင့်စပ်လျဉ်း၍လည်းကောင်း ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရမည်။

(၂) ကော်မတီသည် ပြည်သူ့လွှတ်တော်တွင် အခါအားလျော်စွာ ကတိ ပြုခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ စိစစ်ပြီး အောက်ပါအချက်များ နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်-

(က) ပြည်ထောင်စုအစိုးရက ၎င်း၏ အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးကြောင်း၊

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များကို ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း ဆောင်ရွက်ပြီးခြင်း ရှိ မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ မရှိ။

(၃) အထက်ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(၄) သာမန်အားဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များကို ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်း ခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ် ထက်ပိုပြီး ဆွေးနွေးနိုင်ခွင့်ရှိရမည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြား နိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်း ဆွေးနွေးနိုင်သည်။

(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေ ခြင်း မပြုရ။ ပြည်သူ့လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည် ဟူ၍ ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ-

(၁) ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်း ဥပဒေများ၏ နည်းဥပဒေ ၇၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီသည်-

(က) ပြည်သူ့လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ် အစီရင်ခံစာတင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

(ခ) အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ ကော်မတီဥက္ကဋ္ဌ မရှိလျှင် ကော်မတီ အတွင်းရေးမှူးကသော် လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း တင်ပြရမည်။

(ဂ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင် ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာ တွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသား ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြ နိုင်သည်။

(ဃ) အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် ကော်မတီ အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးက သော်လည်းကောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သတ်မှတ် သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင် သွင်းရမည်။ ယင်းအဆိုအတည်ဖြစ်ပြီးသောအခါ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များကပေးသည့် ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ရယူနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီ အတွင်းရေးမှူးကသော် လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော် လည်း ကောင်း အစီရင်ခံစာကို ပြည်သူ့လွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းရမည်။

(၃) ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်း ချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေး ခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်၏ လွှတ်တော်ကော်မတီအများဆုံးနှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုး အကြောင်းဖော်ပြလျက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ နိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ-

(၁) ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက် ရန် ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန် ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့် များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များ နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီး ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင် ခြင်း မခံရမီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ထို့နောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများ စာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ် ပါဝင်မည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို ပြန်လည်စတင်ရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃နှင့် ၆၇ တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း ကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဖွဲ့ဝင်များမှာ-

(၁)	ဦးစိုင်းစောတင်	မိုင်းယောင်းမဲဆန္ဒနယ်
(၂)	ဦးရှိန်ကျော်ဝင်း	ဆိပ်ဖြူမဲဆန္ဒနယ်
(၃)	ဒေါ်ခင်စောဝေ	ရသေ့တောင်မဲဆန္ဒနယ်
(၄)	ဦးစောနေကော်ကြီး	သံတောင်ကြီးမဲဆန္ဒနယ်
(၅)	ဦးဝင်းစိန်	ကဝမဲဆန္ဒနယ်
(၆)	ဦးသန်းမြင့်	ဆားလင်းကြီးမဲဆန္ဒနယ်
(၇)	ဒေါ်စုစုလှိုင်	ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်

စာမျက်နှာ ၄ ကော်လံ ၁သို့

ရှင်းလင်း ပြောကြား

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

◆ *ကျော်ဖုန်းမှ*

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၃ နှင့် ၆၇ တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို (၁၅) ဦးထက်မပိုသည့် လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်၌တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမည်ဖြစ်ပါကြောင်း။

ရှင်းလင်းပြောကြား

ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်းမှာပင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် နည်းဥပဒေ ၃၄ အရ ကော်မတီ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကိုလည်း လွှတ်တော်က သတ်မှတ်ပေးရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းရန်လျာထားပါကြောင်း၊ ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး လွှတ်တော်ကသတ်မှတ်ပေးမည့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှာဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်များမှာ-

(၁) ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားလွှတ်တော်တွင် ဖြေကြားသော မေးခွန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရမည်။

(၂) ကော်မတီသည် အမျိုးသားလွှတ်တော်တွင် အခါအားလျော်စွာ ကတိပြုခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ တင်ပြရမည်-

(က) ပြည်ထောင်စုအစိုးရက ၎င်း၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးကြောင်း၊

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း ဆောင်ရွက်ပြီးခြင်း ရှိ မရှိနှင့် မူလ သတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ မရှိ။

(၃) အထက်ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(၄) သာမန်အားဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးနိုင်ခွင့်ရှိရမည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(၅) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကိုအသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်း အစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ အမျိုးသားလွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်ဟူ၍ဖြစ်သည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ-

(၁) ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၇၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(၂) ကော်မတီသည်-

(က) အမျိုးသားလွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

(ခ) အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း တင်ပြရမည်။ *စာမျက်နှာ ၅ ကော်လံ ၁ သို့*

လက်မှတ်ရေးထိုး

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

(၈) ဒေါက်တာမောင်မောင်ဝင့် ဗဟန်းမဲဆန္ဒနယ်
(၉) ဦးကိုကိုလွင် မော်လမြိုင်ကျွန်းမဲဆန္ဒနယ်
(၁၀) ဦးမြင့်ထွန်း ကော့သောင်းမဲဆန္ဒနယ်
(၁၁) ဦးသန်းထွန်း ဒီပဲယင်းမဲဆန္ဒနယ်
(၁၂) ဦးအောင်စိန် မာန်အောင်မဲဆန္ဒနယ်
(၁၃) ဦးဌေးဝင်း လယ်ဝေးမဲဆန္ဒနယ်
(၁၄) ဦးဝင်းသန်း သာပေါင်းမဲဆန္ဒနယ်
(၁၅) ဦးအေးမောက် မလှိုင်မဲဆန္ဒနယ်

တို့ဖြစ်ကြပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်အား လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရှင်းလင်းပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေများနှင့်အညီ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟူသည့် ကော်မတီ(၄)ရပ်ကို ယနေ့အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကော်မတီများ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူလျက် သတ်မှတ်ပေးပြီးဖြစ်ပါကြောင်း။

ဖွဲ့စည်းဆောင်ရွက်

လွှတ်တော်အနေဖြင့် အဆိုပါကော်မတီများအပြင် လိုအပ်ပါက ကော်မရှင်များ၊ အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ ၎င်း ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ဖြစ်ကြပါကြောင်း၊ လွှတ်တော်ကျင်းပချိန်တွင် ကော်မတီများသည် လွှတ်တော်ကို တာဝန်ခံထားရပြီး လွှတ်တော်ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌအား တာဝန်ခံရမည်ဖြစ်သည်ကိုလည်း သိရှိကြပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာပိုင်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အား စီမံအုပ်ချုပ်ရန် နိုင်ငံတော် သမ္မတကို ရွေးချယ်တင်မြှောက်ခဲ့ပြီး နိုင်ငံတော်သမ္မတကလည်း ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားသူကြီးအဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ယုံကြည်မျှော်လင့်

ယခုအခါ လွှတ်တော်များက လွှတ်တော်ဆိုင်ရာကိစ္စများ ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်ထောင်စုအစိုးရအဖွဲ့သည်လည်း ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စများကို မကြာတော့သည့်ကာလ၌ စတင်ဆောင်ရွက်သွားကြရတော့မည်ဖြစ်ကြောင်း၊ လွှတ်တော်သည် ဥပဒေပြုရန် အဓိကတာဝန်ရှိသည်နှင့်အညီ ဥပဒေရေးရာလုပ်ငန်းများနှင့် ဆက်စပ်နေသည့် ကိစ္စရပ်များကို လာမည့် မတ်လ ၉ ရက်နေ့မှ စတင်ဆောင်ရွက်ကြရတော့မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာ၌ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် မိမိတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို စနစ်တကျစည်းကမ်းရှိစွာ ကျင့်သုံးဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

ညီညီညွတ်ညွတ်

ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း မိမိတို့ဒေသအတွင်း၌ ဖြစ်ပေါ်နေသည့်အခြေအနေများကို လွှတ်တော်များမှတစ်ဆင့် အစိုးရအဖွဲ့အစည်းများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းများတင်သွင်းခြင်း စသည်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆွေးနွေးနိုင်ကြတော့မှာ ဖြစ်ကြောင်း၊ လွှတ်တော်များအတွင်း မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း လုပ်ငန်းစဉ်များ၌ ပြည်သူ့ကိုယ်စားလှယ်များပီပီ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာ ပြည့်ဝစွာဖြင့် စနစ်တကျ ကျင့်သုံးဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများ မထားရှိကြဘဲ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်ထောင်စု၏ အကျိုးစီးပွား၊ ပြည်သူတို့၏ အကျိုးစီးပွားအတွက် ထာဝစဉ်ရှေးရှုပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ထို့အတူ ရှင်းလင်းဖြေကြား ဆွေးနွေးသူများကလည်း နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုး၊ အများပြည်သူအကျိုးအတွက် မေးမြန်းထားခြင်းဖြစ်သည်ဟု ခံယူပြီး ရှင်းလင်းဆွေးနွေးဖြေကြားပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မတ်လ ၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။ အစည်းအဝေးကို နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

(ဂ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ မရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်ပြီးသောအခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကပေးသည့် ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ရယူနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(၃) ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ-

(၁) ကော်မတီဝင်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ယင်းနောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရန် လျာထားသူများ စာရင်းကို ကြေညာပြီး အဖွဲ့ဝင်အဖြစ် ပါဝင်မည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရန် အစည်းအဝေးကို ခေတ္တရပ်နားသည်။

တင်ပြ

ထို့နောက် အစည်းအဝေးကို ပြန်လည်စတင်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၃၃ နှင့် ၆၇တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဖွဲ့ဝင်များမှာ-

(၁)	ဦးဂမ်ဆိုင်း	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)
(၂)	ဦးစခုန်တိန့်ယိန်း	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)
(၃)	ဦးလှမောင်	ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)
(၄)	ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့	ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)
(၅)	ဒေါက်တာ ဗညားအောင်မိုး	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)
(၆)	ဦးကံညွန့်	စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)
(၇)	ဦးသန်းဆွေ	တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)
(၈)	ဒေါက်တာစိုးထွန်း	မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)
(၉)	ဦးမှတ်ကြီး	မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)
(၁၀)	ဦးဝင်းနောင်	ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)
(၁၁)	ဦးဉာဏ်လင်း	ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)
(၁၂)	ဒေါက်တာငွေးဝင်း	ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)
(၁၃)	ဒေါက်တာအေးမောင်	ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)
(၁၄)	ဦးစိုင်းကျော်ဇောသန်း	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)
(၁၅)	ဦးထွန်းကျော် (ခ) ဦးအိုက်ကျော်	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

တို့ ဖြစ်ကြသည်။

ကော်မတီဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်အားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မတ်လ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ အရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် မတ် ၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ကြီးကြပ်စီမံမှုနှင့် ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အောက်ရှိ ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေး သင်တန်းဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် 'သတင်းနှင့်ဆက်သွယ်ရေးနည်းပညာအရည်အသွေးမြှင့်တင်ရေးသင်တန်း' ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ကြိုဆိုနှုတ်ခွန်းဆက်

ထို့နောက် ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသ သတင်းနှင့်ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေးသင်တန်းဌာနမှ ညွှန်ကြားရေးမှူး Dr. Hyeun- Suk Rhee က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းနည်းပြများနှင့် အလယ်အလတ်အဆင့် အရာထမ်း ၅၀ တို့ တက်ရောက်ကြပြီး အစိုးရအဆင့်မြင့်အရာရှိကြီးများအတွက် ICT နည်းလမ်းများ၊ ဆက်သွယ်မှုကွန်ရက်နှင့် သတင်းအချက်အလက်လုံခြုံရေး၊ ICT စီမံ ကိန်းများ စီမံခန့်ခွဲမှုဆိုင်ရာ သီအိုရီနှင့် လက်တွေ့ကျင့်သုံးမှု စသည့် ဘာသာရပ်သုံးခုကို ခြောက်ရက်ကြာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အခြေခံသစ္စာတရား** တရားတော်(ဆရာတော် အရှင်အာစာရ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၆)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၃)
- ၈:၄၅ Core Lens လက်စွပ်ကို ဝတ်ဆင်လေသောအခါ
- ၈:၅၅ တပို့တွဲလမှာဆင်နွဲ မြတ်လေးရုံကျောင်း၏အလှူပွဲ
- ၉:၀၅ ဒေသနာနယဆေးပညာ တိုင်းရင်းဆေးကျမ်းစာအုပ်မိတ်ဆက်ပွဲ
- ၉:၂၀ Activities in the City (Kembangan Group of Clinics မှ ကြီးမှူးကျင်းပသောဟောပြောပွဲ အခမ်းအနား)
- ၉:၄၀ Cartoon Show Time (Dragon Hunters)
- ၁၀:၂၀ ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ကန်တော့ပွဲ အခမ်းအနား
- ၁၀:၄၀ Celebrity Style (ရန်ရန်ချမ်းနှင့် ချီလီ)
- ၁၁:၁၀ ရန်ကုန်မြင်ကွင်းကျယ် [အဘထဓမ္မရိပ်သာကျောင်းတိုက် (၁၉)ကြိမ်မြောက်ထမနဲထိုးပွဲ]
- ၁၁:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ သင်ကြားရေးလမ်းညွှန် (AST Aung Seamanship Training Centre)
- ၁၂:၂၅ **ရှိတော့ရှိတယ် ရှားတယ်** ခန့်ထက်နိုင်၊ စစ်ပိုင်၊ အမ်ဇိုင်း၊ ဟိန်းတေဇာ၊ ချစ်စနိုးဦး (ဒါရိုက်တာ-အဓိပတိ မောင်မောင်ဦး)
- ၁:၀၀ **အခြေခံသစ္စာတရား** တရားတော် (ဆရာတော် အရှင်အာစာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (လက်ဆောင်ကတ်လေး ပေးချင်ရင်)
- ၂:၅၅ နှစ်သစ်အတွက် T-Home ရောင်စုံသကြီန်
- ၃:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၆)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၃)
- ၄:၄၅ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (အပိုင်း-၂) (အသည်းရောဂါ အထူးကုဆရာဝန်ကြီးဒေါက်တာ ခင်မောင်ဝင်းနှင့်တွေ့ဆုံခြင်း)
- ၅:၁၀ The Champion of Dance
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (ပန်းလှိုင်ဆေးရုံ၏ Emerging Adulthood)
- ၆:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၇)
- ၇:၂၀ Celebrity Choice (ငယ်ငယ်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အနုပညာမိုးကောင်းကင်
- ၈:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၄)
- ၁၀:၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ)
- ၁၀:၄၅ အလင်းတန်းများဖြာလျက် တောက်ပနေသောစွဲမက်စရာ စိန်ရတနာ
- ၁၁:၀၅ World of Knowledge (Petronas Towers)
- ၁၁:၅၅ လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
- ၁၂:၁၅ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၁)
- ၁၂:၄၅ ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမ မစန္ဒာ) (စာပေနှင့်ရသ)
- ၁:၁၀ လှပချစ်စရာလက်မှုအနုပညာ (Love Flower)
- ၁:၃၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေး ငါးကမ္ဘာ)
- ၁:၅၀ Shooting Location (ဇီဇဝါခြံ)
- ၂:၁၀ ပိတုန်းရောင်ကေသာဦး အတွက်...
- ၂:၂၀ ဒို့တိုင်းဌာနီဧရာဝတီ (ဧရာဝတီတိုင်း၏ဆီထွက်သီးနှံပင်များ)
- ၂:၅၀ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ သာယာလှပတောင်ပေါ်ညောင်ရွှေမှ စမ်းသပ်အောင်မြင်ပုစွန်ကန်ရေပြင်
- ၄:၂၀ ရင်နှစ်ပန်းတို့လန်းစေချင်
- ၄:၃၅ မြတ်နိဗ္ဗာန်သို့ မျှော်ရည်မှန်း အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်တရားစခန်း
- ၄:၅၀ မြန်မာ့လက်မှုအနုလက်ရာစုံစွာ...
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထူးခြားသည့် နေ့အပူချိန်များ

၇-၃-၂၀၁၁

ချောက်မြို့	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၁ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၁ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
ပခုက္ကူမြို့	၄၀ ဒီဂရီစင်တီဂရိတ်

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး နယ်မြေခံတပ်ရင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးသည် ဖေဖော်ဝါရီ ၂၈ ရက်က တောင်ကြီး-လွိုင်လင်-နမ့်စန်-လင်းခေး လမ်းတစ်လျှောက် လမ်း/တံတားကြံ့ခိုင်မှု အခြေအနေများနှင့် လမ်းဘေးဝဲ/ယာ ရာသီ သီးနှံစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး လင်းခေးတပ်နယ် နယ်မြေခံတပ်ရင်း၌ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တိုင်းမှူးသည် မတ် ၁ ရက်က လင်းခေးတပ်နယ်သို့ရောက်ရှိပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ တပ်မိသားစုဝင်များအတွက် ချီးမြှင့်ငွေများပေးအပ်ကာ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ချီးမြှင့်ငွေပေးအပ်

ဆက်လက်၍ မိုင်းပန်တပ်နယ်ခန်းမသို့ရောက်ရှိပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ တပ်မိသားစုဝင်များအတွက် ချီးမြှင့်ငွေများပေးအပ်ကာ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တာဆန်းကျေးရွာ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်း၏ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများနှင့် တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် မတ် ၂ ရက်တွင် လင်းခေး-မိုင်းပန်-တာဆန်း လမ်းပေါ်ရှိ သံလွင်မြစ်ကူး(တာဆန်း) ကြိုးတံတားသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက တံတားတည်ဆောက်ထားရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေများ၊ ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြသပြီး တိုင်းမှူးက ကြိုးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက် အဆောက်အအုံသစ် ဇေယျာသီရိမြို့နယ်၌ဖွင့်

နေပြည်တော် မတ် ၇

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စုအိုင်စောက်ကျေးရွာ လဝန်းအိမ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ အလှူငွေပေးအပ်လှူဒါန်းပွဲကို မတ် ၂ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းတို့က အမှာစကားပြောကြားပြီးနောက် ရပ်မိရပ်ဖ ဦးစိုးကိုကိုက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များက စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဖဲကြိုးဖြတ်ဖွင့်

ဆက်လက်၍ လဝန်းအိမ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ကို ညွှန်ကြားရေးမှူးဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌဦးမောင်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောက်လုပ်

အဆိုပါ အဆောက်အအုံမှာ (၃၂×၂၄)ပေ သွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျေးရွာပြည်သူများနှင့် စေတနာရှင်အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၂၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လှိုင်မြို့နယ် ကံ့ကော် ၄ လမ်း မြကန်သာအိမ်ရာ အမှတ် ၂၁၆ နေ ဗိုလ်မှူးမြင့်ရွှေ (ငြိမ်း) (အထွေထွေမန်နေဂျာ၊ မြန်မာ့ဂုန်လျှော်)ခြောက်နှစ်ပြည့်အား ရည်စူး၍ မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်၁၄ သိန်းလှူဒါန်းရာဒေါက်တာဦးလှမြင့်အောင်နှင့် အုပ်ချုပ်ရေးမှူးဦးပြုံးတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မြန်မာပို့စ်ဂျာနယ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၇

မြန်မာပို့စ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၀)ကို ရန်ကုန်မြို့ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ပြည်ပမော်တော်ယာဉ်များနှင့် ပြည်တွင်းဇုန်ထုတ်မော်တော်ယာဉ်များ ဈေးကွက်ပြိုင်ဆိုင်မှုပြင်းထန်၊ မြန်မာ-အိန္ဒိယနယ်စပ်တွင် နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာနကြီးတစ်ခု ဖွင့်လှစ်ရန်မျှော်မှန်း၊ အွန်လိုင်းမှ ကြေးနန်းပို့ယူနိုင်သည့်စနစ် မြို့ပေါင်း ၈၀ ထပ်မံတိုးချဲ့မည်၊ VOIP ဖုန်းခေါ်ဆိုခ နှုန်းထားများ ပြောင်းလဲသတ်မှတ် စသည့်မျက်နှာဖုံး သတင်းများ၊ ပြည်စိုး၊ နေဇင်လတ်၊ မောင်သိန်းညွှန့် (ကော့ကရိတ်)၊ မော်ကျွန်းစိုးမြင့်၊ မောင်ထွန်းလွင်(မိုးလေဝသ)၊ ဦးသန်းထွတ်(ပါမောက္ခ-ငြိမ်း)၊ ဦးအောင်ကျော်ကျော်(ကျန်းမာရေးပညာ)၊ ကောင်းစံဝင်း(ဥပဒေ)၊ ဗိုဟိန်(မြစ်မခ)တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် အစိုးရငွေတိုက်စာချုပ်များ ရောင်းရငွေကျပ် ၂၃၅၃ သန်းကျော်ရှိ အတိုးငွေများ မတ် ၁၅ ရက်မှစ၍ထုတ်ပေးမည်၊ ပဲမျိုးစုံ ၁၀ ရက်အတွင်း တစ်တန်လျှင် ငွေကျပ် ၂၀၀၀၀ မှ ငွေကျပ် ၄၀၀၀၀ ဝန်းကျင်အထိ ဈေးထိုးကျ၊ CDMA 800 MHz ဖုန်းကတ်များ ပျက်စီးပျောက်ဆုံးပါက နေ့ချင်းပြီး လဲလှယ်ပေးနေပြီ၊ ဒီဇယ်ဈေးမြင့်လာသော်လည်း အဝေးပြေးယာဉ်စီးခနှုန်းထားတိုးမြှင့်ရန် မရှိဟုဆို၊ ခရီးသည် လူပို ၁၀ ဦးထက် သုံးကြိမ်တင်ဆောင်သည့် အထူးယာဉ်များကို ထုတ်ပယ်သည်အထိ အရေးယူမည် စသည့် သတင်းများ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

မျိုးဆက်ပွားကျန်းမာရေး ပညာပေးသင်တန်း ထန်းတပင်မြို့နယ်၌ ဖွင့်

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မတ် ၄ ရက်က မျိုးဆက်ပွားကျန်းမာရေး ပညာပေးသင်တန်း ဖွင့်လှစ်ရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)ဒုတိယဥက္ကဋ္ဌဦးဉာဏ်ဝင်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဘေးအန္တရာယ်ဆိုးကျိုးများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ကိုယ်စားဒေါက်တာဒေါ်ဆွေဆွေခင်က မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာများကို ပညာပေးဟောပြောကာ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း စီမံချက်အရာရှိ ဒေါက်တာအေးမြစ်က သင်တန်းနှင့် ပတ်သက်သည်များကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်များ၌ဆောင်ရွက်

ရန်ကုန် မတ် ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်မှ) ညွှန်ကြားရေးမှူးဦးသန်းသည် ရန်ကုန်တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအောင်သန်းလွင်နှင့် တောင်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးအောင်မြင့်တို့လိုက်ပါလျက် ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်များအတွင်း ဆောင်ရွက်လျက်ရှိသည့် ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းလုပ်ငန်းတွင် ပါဝင်သည့် နောက်ဆက်တွဲ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။ (ဝဲပုံ)

ဆောင်ရွက်မည်

အဆိုပါလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၃၁ ရက်အတွင်း အပြီးကောက်ယူမည်ဖြစ်ပြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း ကျေးရွာပေါင်း ၃၂ရွာနှင့် အိမ်ထောင်စုပေါင်း ၉၄၇၃စုတို့ကိုလည်းကောင်း၊ ကော့မှူးမြို့နယ်အတွင်းကျေးရွာပေါင်း ၃၆ရွာနှင့် အိမ်ထောင်စုပေါင်း ၉၉၇ စုတို့ကို လည်းကောင်း နမူနာကောက်ယူခြင်း နည်းလမ်းဖြင့် စာရင်းကောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေးမြို့နယ် အစင်ကျေးရွာ ဗိုလ်ချုပ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို မတ် ၃ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်နှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးသန်းရှိန်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လှည်းကူးမြို့နယ်၌ ရောင်နီဦးစာကြည့်တိုက်ဖွင့်

လှည်းကူး မတ် ၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာ ရောင်နီဦး စာကြည့်တိုက် ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကို မတ်၃ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် ရှေ့၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဒေါ်အေမီဇော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးတို့က စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးတိုးနိုင်က လက်ခံရယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးရှောင်

မလောင်ခင်တား

(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၇

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် မတ် ၃ ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ ကျင်းပသော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကိုဆက်လက်ကျင်းပရာတစ်ဦးချင်း အကောင်းဆုံး အားကစားသမားဆုရရှိကြသူများနှင့် အသင်းအလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသော အသင်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် အသင်းလိုက် တံခွန်စိုက် ဒိုင်းဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးက ပထမ တံခွန်စိုက်ဒိုင်းဆုရ အသင်းအား ပထမ တံခွန်စိုက်ဒိုင်းဆု၊ အမျိုးသား တံခွန်စိုက်ဒိုင်းဆုနှင့် အမှတ်ပေးဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီပလိုမာ စာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲ ကျင်းပမည်

နေပြည်တော် မတ် ၇

၂၀၁၀ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) သင်တန်း စာမေးပွဲကို နေပြည်တော် စာစစ်ဌာန(စာရင်းစစ်ချုပ်ရုံး ရုံးအမှတ် ၁၂ နေပြည်တော်)နှင့် ရန်ကုန်စာစစ်ဌာန(စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့)တို့၌ နှစ်စုခွဲ၍ ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲ အချိန်စာရင်းကို ဖော်ပြပါလိပ်စာများ၌ ကြေညာထားပြီး စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာကို သက်ဆိုင်ရာစာစစ်ဌာနများ၌ ဝယ်ယူ၍ မတ် ၁၄ ရက်မှ ၃၁ ရက်အတွင်း ရုံးဖွင့်ရက်များ၌ (၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း) စာမေးပွဲကြေး ကျပ် ၂၀၀၀ ပေးသွင်းကာ ယင်းငွေရပြေစာမူရင်း၊ လိုင်စင်ဓာတ်ပုံသုံးပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ)ပြသ၍ ဖြေဆိုသူကိုယ်တိုင် ဖြေဆိုခွင့်လျှောက်လွှာတင်သွင်းရမည်။ မိမိတို့ သင်တန်းတက်ရောက်ရာ သင်တန်းကျောင်း (စာစစ်ဌာန)တွင်သာ လျှောက်လွှာတင်သွင်း ကြရမည်။

ဖြေဆိုခွင့်လျှောက်ထားသူသည် ဖွင့်လှစ်ဆဲသင်တန်းကို တက်ရောက်ပြီးဖြေဆိုမည့်သူများအတွက် သင်တန်းကာလကိုးလအတွင်း ဘာသာရပ်အသီးသီး၌ သင်တန်းတက်ရောက်ချိန် ၆၀ ရာခိုင်နှုန်း ပြည့်မီသူများနှင့် ယခင်စာမေးပွဲများတွင် ကျရှုံးခဲ့သူများ(ယခင်ဖြေဆိုခဲ့သည့် အထောက်အထား တင်ပြရမည်)စသည့် အချက်များနှင့် ကိုက်ညီရမည်။ ဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာစစ်ဌာနအသီးသီးတွင် ဧပြီ ၄ ရက်မှ ၂၂ ရက်အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးမည်။ စာမေးပွဲ စတင်ဖြေဆိုသည့်နေ့တွင် လုံးဝထုတ်ပေးမည် မဟုတ်ကြောင်း သိရသည်။

လက်ခံစဉ်းစား

သတ်မှတ်ရက် ကျော်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံစဉ်းစားပေးမည် မဟုတ်ကြောင်း စာရင်းကိုင် အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်းသတိပြု

မီးလောင်လွယ်သောပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်းကို မေ့လျော့ပေါ့လျော့စွာထားရှိခြင်း၊ ဖယောင်းတိုင်မီးထွန်း၍ စာကြည့်ခြင်း၊ အိပ်ပျော်သွားခြင်း၊ ဖယောင်းတိုင်မီးဖြင့် မော်တော်ကား ဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာ၊ ခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေထွန်းခြင်း၊ မော်တော်ကားခေါင်းခန်း ကူရှင်ပေါ်တွင် ခြင်ဆေးခွေ ထွန်းခြင်း၊ မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ထားရှိခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသကဲ့သို့ မလိုလားအပ်သောဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးများ သုံးစွဲပါက လူစောင့်ထားရှိကြရန်၊ လူစောင့်မရှိပါက မီးငြိမ်းထားကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မီးသတ်ဦးစီးဌာန)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

အိုမန်ကမ်းလွန်၌ ရေနံတင်သင်္ဘော ဓားပြရန်မှလွတ်

အမွန် မတ် ၇

အိုမန်ကမ်းလွန် အိန္ဒိယသမုဒ္ဒရာအတွင်း ရေနံတင်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက မတ် ၆ ရက်၌ အပိုင်စီးရန်ကြိုးစားမှုကို ပင်လယ်ဓားပြနှိမ်နင်းရေး ရေတပ်သင်္ဘောတစ်စင်းရောက်ရှိလာပြီး တိုက်ခိုက်သဖြင့် ကယ်တင်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

၄င်းရေနံတင်သင်္ဘောမှာ ဂျပန်နိုင်ငံမှ အမ်ဗွီဂူရာနာဆာရာ ကုမ္ပဏီပိုင်ဖြစ်ပြီး အိုမန်နိုင်ငံအရှေ့တောင်ဘက် ရေမိုင် ၃၂၈ မိုင်ခန့်အကွာတွင် ပင်လယ်ဓားပြများ၏ အပိုင်စီးရန်ကြိုးစားမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ သင်္ဘောကို ပင်လယ်ဓားပြများအပိုင်စီးရန် ကြိုးစားချိန်တွင် တူရကီရေတပ်သင်္ဘောလည်း ရောက်ရှိလာပြီး ပစ်ခတ်သည့်အပြင် တိုက်ခိုက်ရေးရဟတ်ယာဉ်များကလည်း ထောက်ကူပစ်ခတ်ပေးခဲ့သဖြင့် ပင်လယ်ဓားပြလေးဦးနှင့် ၄င်းတို့၏အမြန်ယာဉ်ကို ဖမ်းဆီးနိုင်ခဲ့သည်။

ဂျပန်ရေနံတင်သင်္ဘောပေါ်တွင် သင်္ဘောသား ၂၄ ဦး လိုက်ပါလာခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသ ကမ်းလွန်ရေပြင်နှင့် အိန္ဒိယသမုဒ္ဒရာရေပြင်တို့တွင် ပင်လယ်ဓားပြနှိမ်နင်းရေးအတွက် နိုင်ငံ ၂၅ နိုင်ငံမှ စစ်သင်္ဘောများ ကင်းလှည့်စောင့်ကြပ်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။**(အင်တာနက်)**

➢ မိုးမြင့်လင်းလက် - ရေးသားသည် ➣

ဒုံးခွင်းဒုံးကျည်တစ်စင်း အိန္ဒိယစမ်းသပ်ပစ်လွှတ်

နယူးဒေလီ မတ် ၇

အိန္ဒိယနိုင်ငံက ဒုံးခွင်းဒုံးကျည်တစ်စင်းကို ဩရိသပြည်နယ် အရှေ့ပိုင်းကမ်းခြေအခြေစိုက် ချီလားကျွန်း စက်ပစ်ကွင်းမှ မတ် ၇ ရက်က စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း အိန္ဒိယစစ်ဘက်က ပြောကြားသည်။

လေကြောင်းကာကွယ်ရေး ဒုံးကျည် (အေအေဒီ)ဟု ခေါ်ဝေါ်သည့် ၄င်းဒုံးကျည်သည် ရန်သူများ၏ တိုက်ချင်းပစ် ဒုံးပျံများကို ဟန့်တားပစ်ချနိုင်စွမ်းရှိကြောင်း၊ ယခု ၄င်းဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ရာ အောင်မြင်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။ **(အပေါ်ပုံ)**

ဖျက်ဆီးနိုင်ခဲ့

ယခုစမ်းသပ် ပစ်လွှတ်လိုက်သည့် ဒုံးကျည်ကို ရွေ့လျားနိုင်သည့်ဒုံးကျည်ပစ်စင်မှ မတ် ၇ ရက် နံနက် ၉ နာရီ ၃၃ မိနစ်က ပစ်လွှတ်လိုက်ခြင်းဖြစ်သည်။ ကြိုတင်ပစ်လွှတ်လိုက်သော မြေပြင်မှ မြေပြင်ပစ် ပရစ်သ်ဗီဒုံးပျံကို ၄ မိနစ်ခန့်အကြာ၌ ဒုံးခွင်းဒုံးကျည်က ဘင်္ဂလားပင်လယ်အော်ပေါ်သို့ အမီလိုက်ကာ ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

တေချုန်မြို့၌ မီးလောင်၊ ကိုးဦးသေဆုံး

ပေကျင်း မတ် ၇

တရုတ်နိုင်ငံ(တိုင်ပေ)ရှိ တေချုန်မြို့တွင် မတ် ၆ ရက်က စားသောက်ဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

မီးမှာ စားသောက်ဆိုင် ဖျော်ဖြေရေးခန်းမသို့လျင်မြန်စွာ ကူးစက်လောင်ကျွမ်းခဲ့ပြီး ပရိသတ်များ ခန်းမအတွင်း ပိတ်မိနေသဖြင့် သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

ကယ်ထုတ်ခဲ့

မီးလောင်သည့် စားသောက်ဆိုင်သို့ မီးသတ်တပ်ဖွဲ့ဝင်များ အမြန်ရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့သဖြင့် အနီးဝန်းကျင်သို့ ကူးစက်လောင်ကျွမ်းခြင်းမရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အမြန်ပို့ဆောင်ခဲ့ကြောင်း၊ ပိတ်မိနေသူများကို အမြန်ကယ်ထုတ်ခဲ့ရကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အတွင်းရေးမှူး (၁) သီဟသူရ ဦးတင်အောင်မြင့်ဦး သီပေါမြို့ရှိ ခုတင်(၁၀၀)ဆံ့ဆေးရုံနှင့် ကျောင်းများစစ်ဆေး

အမျိုးသားပညာရည်မြင့်မားရေး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်

ကျန်းမာရေးဝန်ထမ်းများ လူနာများအား နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်

နေပြည်တော် မတ် ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၆ ရက် နံနက်ပိုင်းတွင် သီပေါမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး သီပေါမြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ပြည်နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ပြုပြင်မွမ်းမံ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အုတ်ညှပ်စာသင်ဆောင်များအဖြစ် ပြုပြင်မွမ်းမံပေးရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့ တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)အား ကျောင်းအုပ်ဆရာမကြီးက သင်ကြားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေ၊ ကျောင်း၏ သင်ကြားမှုနှင့် အုပ်ချုပ်စီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က သင်ကြားရေးကိစ္စရပ်များကို မေးမြန်းပြီး ကျောင်းအုပ်ကြီးများအနေဖြင့် ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည် အစဉ်မပြတ်တိုးတက်ကောင်းမွန်အောင် ကြီးကြပ်စီမံဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်အလိုက် ကျွမ်းကျင်မှု၊ နားလည်တတ်မြောက်မှု အခြေအနေများကို အမြဲလေ့လာဆန်းစစ်၍ အားနည်းသည့်ဘာသာရပ်များအတွက် တိုးတက်မှုရှိအောင် ပြုပြင်ဆောင်ရွက်ရေး။

စာသင်နှစ်ကာလအတွင်း သတ်မှတ်ပေးထားသည့် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲပေးထားသည့် အချိန်ဇယားအတိုင်း သင်ကြားမှု ရှိ/မရှိ အချိန်မှန်စစ်ဆေးပြုပြင်ရေး။

အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသားပညာရေးမိသားစုတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားပြီး ကျောင်းအတွက် အလှူငွေများ ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သီပေါမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိခဲ့ကြပြီး တိုးချဲ့ခွဲစိတ်လူနာဆောင်နှင့် ခွဲစိတ်ခန်းသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွေးနှင့် ဆရာဝန် ဆရာမများ၊ ဆေးရုံကြီးကြပ်မှုကော်မတီဝင်များက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ဆောင်နှင့် ခွဲစိတ်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)အား ခန်းမဆောင်၌ ဆေးရုံအုပ်ကြီးက ဆေးရုံဝန်ထမ်းအိမ်ရာနှင့် ဖွဲ့စည်းထားမှု၊ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

အလှူငွေပေးအပ်

တင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သီပေါ ပြည်သူ့ဆေးရုံ၌ ခွဲစိတ်လူနာဆောင်နှင့် ခွဲစိတ်ခန်းအသစ်တို့ကို ခေတ်မီသပ်ရပ်စွာ ဖွင့်လှစ်ထားပြီးဖြစ်ရာ ဒေသနေပြည်သူများ၏ ယုံကြည်အားကိုးရသည့် ဆေးရုံကြီးအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရန် ကျန်းမာရေးဝန်ထမ်းအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဆေးဝါးကုသမှုထက်မြက်ကောင်းမွန်ရေး၊ လူနာများအပေါ် နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်ရေးတို့ကို မှာကြားပြီး ဆေးရုံကြီးအတွက် အလှူငွေများကို ပေးအပ်သည်။

ကြိုဆို

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ လက်ထောက်ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်များနှင့် ကျောင်းအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)အား လက်ထောက်ကျောင်းအုပ်ဆရာမကြီးက သင်ကြားမှုနှင့် အုပ်ချုပ်စီမံကိစ္စရပ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို မေးမြန်းပြီး အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ သမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်သို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် အတွင်းရေးမှူး(၁)သည် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံကြပြီး စေတီတော်ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှ[...] အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်[...] ဘော်ကြိုကျေးရွာရှိ သမိုင်းဝင် ဘော်ကြိုမုဋ္ဌေ[...] အတွင်း သာသနိကအဆောက်အအုံများ [...] ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝ[...] ဓည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်[...]

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အ[...] ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး [...] အထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိကြရာ [...] တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာစစ်ဌာနများ ကြည့်ရှုစစ်ဆေး

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ စာစစ်ဌာနများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပညာရေး ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း မန္တလေးမြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းသည် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအားတွေ့ဆုံပြီး မေးခွန်းလွှာနှင့် အဖြေလွှာများ လုံခြုံမှုရှိရေးအတွက် စနစ်တကျ ဆောင်ရွက်ရန်၊ စာဖြေသူများ စည်းကမ်းနှင့်အညီ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးရန်တို့ကို မှာကြားကာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အားပေးခဲ့

ထိုမှတစ်ဆင့် မန္တလေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ သွားရော[...] တက္ကသို[...] တကျဖြေ[...] ကြည့်ရှုစ[...] သတင်း[...]

ဒုတိယ[...] မန္တလေ[...] ပညာ[...] ၂၀၁၁ [...] စာမေးပွဲ[...] စစ်ဆေ[...]

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ သမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော် ပရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ကျောက်မဲမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ထို့နောက် အတွင်းရေးမှူး(၁)သည် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များအားတွေ့ဆုံ၍ အထက်တန်းကျောင်း(ခွဲ)ရှိ စာသင်ခန်းများ၊ ကျောင်းသားနှင့် ဆရာ အင်အားအခြေအနေများကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ကျောင်းအတွက် အလှူငွေများကို ပေးအပ်သည်။

ရောက်ရှိ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

စာစစ်ဌာနများ ကြည့်ရှုစစ်ဆေး

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ရောက်ရှိကာ ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာမေးပွဲလုပ်ငန်း ရုံးအဖွဲ့တို့အားတွေ့ဆုံပြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူများ စည်းကမ်းနှင့်အညီ စနစ်ကျစွာဖြင့် စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် ဆောင်ရွက်ထားရှိ ပြီးစီးနေမှုများကို လည်းကောင်း၊ ရုံးလုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ စာဖြေခန်းများ ပြင်ဆင်ပြီးစီးနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်သည် အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေနှင့်အတူ အဆိုပါစာစစ်ဌာနနှင့် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့သွားရောက်ပြီး စာဖြေခန်း အသီးသီး၌ စနစ်တကျဖြင့် အေးချမ်းစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာန ၁၂၄၃ ဌာန၊ နိုင်ငံခြားစာစစ်ဌာန ၁၇ ဌာန စုစုပေါင်းစာစစ်ဌာန ၁၂၆၀ တို့၌ ယနေ့မှစတင်၍ တစ်ပြိုင်တည်း စတင်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးအောင်မျိုးမင်း
ဌာနများ ကြည့်ရှုစစ်ဆေး

အားပေးခဲ့

ထိုမှတစ်ဆင့် မန္တလေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ သွားရောက်ပြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စည်းကမ်းတကျဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း မန္တလေးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

မတ် ၈ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၁၀	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၅	၉။	အတီးပြိုင်ပွဲ
၈:၂၀	၁၀။	**လူကူးမျဉ်းကျားမှ ကူးမယ်** (A)
၈:၂၅	၁၁။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၁၂။	International News
၈:၄၅	၁၃။	တေးဂီတအစီအစဉ်
၉:၀၀	၁၄။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၀၅	၂။	ကြေးမုံရိပ်သွင်တေးနှယဉ်
၄:၁၅	၃။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၃၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စိတ်ပညာ အထူးပြု) (စိတ်ပညာ)
၄:၄၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅	၆။	(၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၀၅	၇။	ရင်မှာစွဲထင် တေးအလှသံစဉ်
၅:၂၀	၈။	**ကြယ်စင်ဥယျာဉ်**
၆:၀၀	၉။	ညနေခင်းသတင်း
၆:၁၅	၁၀။	မိုးလေဝသအခြေအနေ
၆:၂၀	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅	၁၂။	ဆိုလိုက်ကြစို့
၇:၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၁၄)
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**ရယ်စရာဟာသများ**
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၉)
	၁၉။	အစီအစဉ်ပြီး၏။

ပြောင်းလဲလာသော သွားဘက်ဆိုင်ရာများ

ဒေါက်တာ မိုလာ

ပြောင်းလဲခြင်းဟူသည် နေရာတိုင်း၊ အခြေအနေတိုင်း၊ အဖြစ်အပျက်တိုင်းတွင် စက္ကန့်နှင့်အမျှ အမြဲတမ်းလျင်မြန်စွာဖြစ်ပေါ်နေပါသည်။သွားဘက်ဆိုင်ရာပြောင်းလဲမှုကို လိုက်နာကျင့်သုံးနေထိုင်ခြင်းသည် လူသားတို့၏ဘဝသက်တမ်းဆွဲဆန့်နိုင်ရေးအတွက် တစ်စိတ်တစ်ပိုင်းမှ အရေးပါသော ကျန်းမာရေးစောင့်ရှောက်မှုနည်း ဖြစ်ပါသည်။ အသစ်အသစ်တို့ ပိုမိုတိုးတက်ဖြစ်ပေါ်လာပြီး အသုံးမဝင်၊ မကောင်းသောအဟောင်းတို့သည် ပိုဝေးကွာသထက် ဝေးကွာမှုသို့ရောက်ရှိလာပါပြီ။ သွားဘက်ဆိုင်ရာပြောင်းလဲမှုကို သိရှိသဘောပေါက်သင့်သောအချက်များကို နားလည်လာပါက အစဉ်အလာယုံကြည်မှုကို ဖယ်ရှားပပျောက်နိုင်မည်ဖြစ်သည်။ သို့မှသာ ခံတွင်းကျန်းမာရေးကောင်းမွန်မှုကြောင့် ခန္ဓာကိုယ်အတွင်းကျန်းမာရေးကောင်းမွန်မှုကို ရရှိခံစားရပေမည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က သတ်မှတ်ထားသော ခံတွင်းကျန်းမာရေးသည် ပါးစပ်ထဲတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများမရှိ၊ ကင်ဆာရောဂါ၊ နာတာရှည်ရောဂါ၊ သွားဖုံးရောဂါများလည်းမရှိ၊ သွားပိုးစားရောဂါ၊ သွားနုတ်ထားခြင်းမရှိ၊ ရောင်ခြင်း၊ နာခြင်းမရှိ၊ တခြားသော ပုံမမှန်များလည်း မရှိခြင်းနှင့်အတူ သွားသည် သွားလေးအတိုင်း ကျန်းမာနေလျှင် ခံတွင်းကျန်းမာရေးကောင်းမွန်သည်ဟု သတ်မှတ်ပါသည်။

သွားဘက်ဆိုင်ရာ ရောဂါဝေဒနာများသည် ဖွံ့ဖြိုးရေးရန်ခက်ခဲသော ခံစားချက်များဟု ဆိုချင်ပါသည်။ အရွယ်မရွေး၊ အင်အားကြီးငယ်မဟူ နာခြင်း၊ ကိုက်ခြင်းကြောင့် မျက်ရည်တောက်တောက်ကျရပါသည်။ ခံစားရဖူးသူသည် ပို၍တွေ့ကြုံသိရှိကြပါသည်။ ဘာသာပြန်ရန်ခက်ခဲလှပါသည်။ အိပ်၍မရ၊ ထိုင်မနေနိုင်၊ စားသောက်မရနှင့် ခံစားမှုပေါင်းများစွာမှသည် ဒေါသမျိုးစုံပြည့်နေပါသည်။ ဦးခေါင်းနှင့်နီး၍ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဦးခေါင်းကိုပင် ဖြတ်ပစ်ချင်လာပါသည်။ မနာဖူး၊ မကိုက်ဖူးသူများမသိရှိပါ။ နားမလည်ခဲ့လို့လည်း သွားအပေါ်ထားရှိသော တန်ဖိုးသဘောထားများ ကျဆင်းခဲ့ပါသည်။ သွားတစ်ချောင်းမရှိလျှင် နောက်တစ်ချောင်းရှိနေ၍ ဖြစ်ပေမည်။ ငွေရှိလျှင်သွားတု ရမည်ဟု ထင်နေကြပါသည်။ သွားတစ်ချောင်းမျှ မကျန်ခဲ့လျှင်တောင် သွားတုနှင့်နေမည်ဟု တွေးထား၍ ဖြစ်ပေမည်။ သွားတုအသုံးပြုသူများသည် သွားအစစ်၏ တန်ဖိုး၊ ရလဒ်၊ အသုံးဝင်မှုကို နားလည်ကြပါသည်။ လူတို့၏အာသီသကိုဝယ်၍မရနိုင်ပါ။ အတုသည် အစစ်ကို တုပခြင်းသာဖြစ်၍ အတုသည်အစစ်မဖြစ်နိုင်ပါ။ ထို့ကြောင့် မိခင်မွေးကတည်းကပါလာသော သွားများကို မပျက်စီး၊ မကျိုး၊ မနုတ်၊ မဆုံးရှုံးရလေအောင်ငွေမကုန်၊ အချိန်များများမပေး၊ နည်းပညာမခက်ခဲ လုပ်ရသည်မှာ မပင်ပန်းသော သွားဂရုစိုက်နည်းကို ပုံမှန်၊ စနစ်မှန် လုပ်ဖြစ်ရန် လေ့ကျင့်ပျိုးထောင်ပေးရန်ကား လိုအပ်နေပါသည်။ မိမိ၏သွားများ ပျက်စီးဆုံးရှုံးခဲ့လျှင် နောင်ကြီးပြင်းလာမည့်ကလေးများအတွက် နေ့စဉ်လုပ်ဆောင်ပေးရမည့် ဓလေ့အဖြစ် လူကြီးများမှ လမ်းညွှန်သင်ကြားပေးရန် လိုအပ်ပါသည်။

သွားဆွေးခြင်း သို့မဟုတ် သွားပိုးစားခြင်း

ဘီစီ ၅၀၀ကတည်းက သစ်သားများကို ပိုးစား၍ အပေါက်ဖြစ်သကဲ့သို့ပင် သွားများကို ပိုးစားသောကြောင့် သွားပိုးစားပေါက်ဖြစ်ရသည်ဟု ယုံကြည်လက်ခံခဲ့ပါ၏။ ယခုထက်တိုင် တချို့ယုံကြည်နေဆဲဖြစ်နေပါသည်။

ဝက်သား အသားကို ဝါးကျည်တောက်အတွင်း လေလုံရန် စီမံပြီး ခြောက်ရက်ခန့် ရေထဲတွင် စိမ်ထားပါ။ ရက်အတန်ကြာသော် ပိုးကောင်လေးများ ဖြစ်လာပါသည်။ လမ်းဘေးဈေးရောင်းသူများက သွားပိုးစားကောင်များဟု လက်တွေ့ထင်ရှားစွာပြသ၍ သွားပိုးချ ဆေးများရောင်းချခဲ့ပါသည်။

ယခုအခါ သွားသည် သွားပိုးကြောင့်အပေါက် ဖြစ်လာသည်မဟုတ်။ သွားမျက်နှာပြင်များ ဆွေးမြည့်ရာမှ အပေါက်ဖြစ်လာသည်ဟု ဆိုလာပါသည်။ သွားမျက်နှာပြင်၌ ရှိနေသော စားကြွင်းစားကျန်များသည် သွားမတိုက်၊ မသန့်စင်သောအခါ အချိန်ကြာလာသည်နှင့်အမျှ အချဉ်ဖောက်နည်းဖြစ်စဉ်ကြောင့် သွားပေါ်မှ ကြွေသွားလွှာများ ဆွေးမြည့်လာပြီး အပေါက်ဖြစ်သွားပါသည်။ သွားပေါက်အတွင်းသို့ ဗက်တီးရီးယားဝင်ရောက်ပြီးမှ သွားကိုက်၊ သွားနာခြင်းနှင့်အတူ သွားမြစ်ထိပ် ရောင်ရမ်းခြင်း၊ ပြည်တည်ခြင်း၊ သွားနာခြင်း၊ မေးရိုးရောင်ရမ်းခြင်း၊ သွားဖုံးရောင်ခြင်း၊ မျက်နှာရောင်ခြင်း၊ ပါးစပ်ဟမရခြင်း၊ အစာစား၍ မရခြင်း၊ အိပ်မရခြင်းဝေဒနာများခံစားလာရပါသည်။ ပဋိဇီဝဆေးများ မပေါ်မီက သွားဘက်ဆိုင်ရာရောဂါကြောင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ခဲ့ပါသည်။

သွားကုသခြင်း

ယခင်က သွားနှင့် သွားဖုံးရောဂါမှ ဖြစ်ပေါ်လာသော ခံစားမှုများကို ပျောက်ပျက်ရန် ကုသနည်းသည် သွားနုတ်လိုက်ခြင်းဖြစ်သည်။ သွားနုတ်ခြင်းသည် ဖြစ်ပေါ်နေသော ရောဂါဝေဒနာကို မခံစားရ၍ သွားနုတ်ခြင်းသည်သာလျှင် အဓိက ကုထုံးဖြစ်ခဲ့ပါသည်။

ယခုအခါ သွားနှင့် သွားရောင်ရောဂါများကို ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းများနှင့် ပြောင်းလဲလာပါသည်။ သွားကိုက်တိုင်း၊ နာတိုင်း သွားကိုမနုတ်တော့ပါ။သာမန်အနေအထားအရ ခေါင်းကိုက်တိုင်း ခေါင်းမဖြတ်ပါ။ ဗိုက်အောင့်တိုင်း ဗိုက်မခွဲပါ။ လိုအပ်သည့်အခါကျမှသာလျှင် ခွဲစိတ်ကုသခြင်းလုပ်ရပါသည်။ ထို့အတူ သွားကိုက်တိုင်း သွားနုတ်ရန် မစဉ်းစားပေးတော့ပါ။ သွားမြစ်တွင်း ကုသထုံး (Root Canal Therapy) သည် အောင်မြင်မှုနှင့် တွင်ကျယ်လာပါပြီ။ အရပ်ထဲတွင် သွားအကြောထုတ်သည်ဟု နားလည်ကြပါသည်။ အကြောထုတ်ခြင်းမဟုတ်၊ သွားမြစ်တွင်းရှိ ရောဂါရှိနေသော အခြေအနေကို ကုသခြင်းဖြစ်ပါသည်။ သွားဖုံးရောင်ရောဂါကြောင့် သွားလှုပ်လာခဲ့လျှင် လွယ်လင့်တကူ သွားမနုတ်တော့ပါ။ ဆေးစားခြင်း၊ ဆရာဝန်ညွှန်ကြားချက်လိုက်နာခြင်း၊ သွားဖုံးရောင်စေနိုင်သော အချက်များကို ဖယ်ရှားခြင်းဖြင့် ဆောလျင်စွာကုသနိုင်လျှင် သွားမနုတ်ရတော့ပါ။ မည်သည့်အခြေအနေတွင်မဆို နောက်ကျလျှင် နောက်ကျသည့် ဆိုးကျိုးရှိပါသည်။ သွားလုံးဝမနုတ်ရတော့ပါဟူသောအချက်မှာ မဖြစ်နိုင်သေးပါ။

သွားစိုက်ခြင်း

ယခင်က သွားစိုက်ခြင်းကို ဖြုတ်ရ၊ တပ်ရလွယ်ကူသော အရှင်စိုက်နည်းနှင့် ချွတ်မရနိုင်သော အသေစိုက်နည်းဟူ၍ ရှိပါသည်။ သွားနုတ်ထားသူများ ထိုနည်းထဲမှ တစ်နည်းမဟုတ် တစ်နည်းအသုံးပြုနေကြပါသည်။ အရှင်စိုက်ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများရှိသကဲ့သို့ အသေစိုက်ခြင်းအတွက်လည်း ဆိုးကျိုး၊ ကောင်းကျိုးရှိပါသည်။ မည်သည့်နည်းပင်သုံးသုံး စနစ်မှန် သွားစိုက်ခြင်း၊ စနစ်မှန် အသုံးပြုခြင်း၊ စစ်ဆေးပြသခြင်းရှိနေလျှင် သွားစိုက်ခြင်းကြောင့် ကောင်းမွန်သော ကျန်ရှိသွားများ မပျက်စီးနိုင်တော့ပါ။ သွားစိုက်ခြင်း၏ အကျိုးသည် ကျန်ရှိနေသောသွားများ မပျက်စီးရေး၊ ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်ရှိ အစားအစာများကို စားသောက်နိုင်ရေးအတွက် ဖြစ်ပါသည်။ သွားမစိုက်သည့် ဆိုးကျိုးသာရှိပြီး သွားစိုက်သည့် ဆိုးကျိုးများမရှိပါ။

ယခုအခါ သွားစိုက်သည်ဟူသော ဝေါဟာရနှင့်အညီ နုတ်ထားသောနေရာ၌ပင် မေးရိုးအတွင်း ဝက်အူစုပ်စိုက်နည်းကို အောင်မြင်စွာ အသုံးပြုလာပါပြီ။ ဆုံးရှုံးသွားသောနေရာတွင် အသစ်ပြန်လည် ထည့်ယူခြင်းဖြစ်၍ ပို၍ပျက်စီးဆုံးရှုံးစရာ မရှိတော့ပါ။ နည်းပညာ၊ ငွေကြေးကုန်ကျမှု၊ ပစ္စည်းကိရိယာ၊ လူနာ၏ ခံတွင်းသန့်ရှင်းမှု၊ ဂရုစိုက်မှု၊ ခန္ဓာကိုယ်တွင်း ရောဂါရှိမှုတို့နှင့်သာဆိုင်နေ၍ လူတိုင်း မပြုလုပ်နိုင်သေးပါ။

သွားဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများ

ယခင်က ကျန်းမာရေး စောင့်ရှောက်မှုများကို ဘုန်းတော်ကြီးကျောင်းများတွင် ဆေးကုသ၊ ခွဲစိတ်မှုများ ပြုလုပ်ရာမှ ဘုန်းတော်ကြီးများ သွေးနှင့် မသင့်တော်သည့်အတွက် ဘုန်းတော်ကြီးအကူများက ကုသခွဲစိတ်လာပါသည်။ သွားဘက်ဆိုင်ရာကုသမှုများအတွက် လက်အိတ်မလို၊ ကြုံသောနေရာတွင် ကြုံသလို ကုသခဲ့ကြပါသည်။

ယခုအခါ သွားဘက်ဆိုင်ရာ ကုသမှုများသည် အချိန်ပေး၍ ကုသလာပါသည်။ သွားနုတ်ရသည်မှာ ခက်ခဲပြီး ကြာနိုင်သည်ဟု ယူဆပါက ခွဲစိတ်ခန်း၌ ပြောင်းလဲနုတ်လာကြပါသည်။ ရောဂါပိုးမွှားနှင့်ကူးစက်ပျံ့နှံ့မှု ဖြစ်စဉ်များသည် သွေးနှင့်နွယ်၍ ဖြစ်တတ်သည်ဟု တွေ့ရှိလာပြီးနောက် တစ်ခါသုံးပစ္စည်းများကို ဦးစားပေး ရွေးချယ်လာပါသည်။ သွားဘက်ဆိုင်ရာကုသမှုများသည် စိုးရိမ်ကြောင့်ကြမှုနှင့်ဆက်စပ်သည်ဖြစ်၍ ဆေးခန်းနှင့်မတူအောင် ပြုပြင်လာကြခြင်း၊ သီချင်းအသံများနှင့် စိတ်ငြိမ်စေခြင်း၊ မွေးရနံ့နှင့် ဆွဲဆောင်ခြင်း၊ ဗီဒီယိုများနှင့် ခံစားစေခြင်း စသည်ဖြင့် ပြောင်းလဲပြင်ဆင်လာပါသည်။ သွားဘက်ဆိုင်ရာလူနာများသည် ကူးစက်ရောဂါကိုကြောက်၍ သွားဆေးခန်းများသို့ စစ်ဆေးပြသရန် ဝန်လေးနေကြပါသည်။ သွားဆရာဝန်သည် လူနာပေါင်းစုံနှင့် နေ့စဉ်နှင့်အမျှ ထိတွေ့ဆက်ဆံနေရ၍ သွားဆရာဝန်များသည် လူနာများ၏ကူးစက်ရောဂါကို ပိုကြောက်ကြပါသည်။ တချို့နိုင်ငံများတွင် သွားဆရာဝန်ဘဝမှပင် စွန့်လွှတ်ကုန်ကြပါသည်။ ကျန်းမာရေးကို ကြောက်သောအခါ ကျန်းမာရေးကို ထိခိုက်စေသည်ဟူသော စကားလေးရှိပါသည်။ သွားရောဂါပြသလျှင် ကူးစက်ရောဂါကို ကြောက်နေခြင်းကြောင့် မပြသရာမှ မိမိ၏ သွားရောဂါများကို ပို၍ပျက်စီးစေနိုင်ပါသည်။ သွားဘက်ဆိုင်ရာ ကူးစက်မှုများကို စနစ်မှန် ထိန်းချုပ်ရေးသည် ဆရာဝန်၏တာဝန်ဖြစ်ပြီး မိမိ၌ရှိနေသော ရောဂါကို ကြိုတင်ကာကွယ်စစ်ဆေးခြင်းသည် လူနာ၏ တာဝန်ဖြစ်ပါသည်။ မပြသမီ သို့လော သို့လောနှင့် တွေဝေနေခြင်း၊ မသိနားမလည်သူများ၏ ပြောစကားများ ယုံကြည်ခြင်း၊ စနစ်မှန် သွားကုသနည်းကို အသုံးမပြုခြင်းကြောင့် သွားများပျက်စီး၍ ကုသမှုနောက်ကျ



တတ်ပါသည်။ ယခုအခါ၌ သွားဘက်ဆိုင်ရာ တစ်ခါသုံး အသုံးအဆောင် ပစ္စည်းကိရိယာများ ပေါ်များလာပြီဖြစ်ပါ၍ ယုံကြည်စိတ်ချစွာ စစ်ဆေးပြသနိုင်ပါကြောင်း အသိပေးလိုပါသည်။

ခံတွင်းနှင့် ခန္ဓာကိုယ်ဆက်စပ်မှုများ

ယခင်ကသွားသည် ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုအနေနှင့်သာ လက်ခံခဲ့ကြပါသည်။ သွားသည် ခန္ဓာကိုယ်အတွက် အစားအစာကို ကြိတ်ဝါးမှုအတွက်လည်းကောင်း၊ မျက်နှာ၏ အလှအတွက်လည်းကောင်း၊ အသံအနေအထားရွတ်ဆိုမှု ပီသရန်အတွက်လည်းကောင်း အထောက်အကူပြုသည်ဟုသာ ရှိခဲ့ပါသည်။ ယခုအခါ သွားနှင့် သွားဖုံးရောင်ရောဂါမှတစ်ဆင့် ခန္ဓာကိုယ်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ နှလုံးရောင်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ လေဖြတ်ခြင်း၊ အရိုးပွခြင်း၊ အမျိုးသမီးများအတွက် ကိုယ်ဝန်ဆောင်နောက်ဆက်တွဲပြဿနာများ (ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးဆောလျင်စွာ မွေးခြင်း၊ ပေါင်ချိန်မပြည့်ခြင်း)တို့ ဖြစ်လာနိုင်သောဆက်စပ်မှုများရှိလာပါသည်။ ဆက်စပ်မှုကြောင့် သွားဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများသည် ခံတွင်းကျန်းမာရေးဆိုသော ဝေါဟာရကို အလေးထားလာရန် လိုအပ်လာပါပြီ။ စမ်းသပ်ချက်တွင် ကိုယ်ဝန်ဆောင် မိခင်အား ခံတွင်းဗက်တီးရီးယား အနည်းငယ်ခန့်ကို အကြောထဲ ထိုးသွင်းသောအခါ ၁၅ ရာခိုင်နှုန်းသည် ကလေး ပျက်ကျခြင်း၊ ၃၀ ရာခိုင်နှုန်းသည် ကလေးပုံမမှန်မွေးခြင်း ရလဒ်ကို ရရှိခဲ့ပါသည်။ ဗက်တီးရီးယားပမာဏများများ ထိုးသွင်းသောအခါ၌ ကိုယ်ဝန်ဆောင်မိခင်၌ ကလေးပျက်ကျသည်ကို တွေ့ရှိလာပါသည်။

သွားအလှ-မျက်နှာအလှ

ယခင်က လိုအပ်သည့်အရာများကို အခြေခံသည့် သွားဘက်ဆိုင်ရာ နည်းပညာဖြစ်၍ သွားဘက်ဆိုင်ရာ ရောဂါများကို ကုသခြင်းသာ ဦးစားပေးတွေးခေါ် ပြုပြင်ခဲ့သည်။

ယခုအခါ လိုချင်သည့်အရာများကို အခြေခံသည့် သွားဘက်ဆိုင်ရာ နည်းပညာဖြစ်လာပါသည်။ ကုသထုံးများ လွန်စွာအောင်မြင်လာပြီဖြစ်၍ ကြိုတင်ကာကွယ်ခြင်းနှင့်အတူ သွားနှင့် မျက်နှာဆက်စပ်နေ၍သွားအလှဆင်ခြင်းများကို ပို၍ ပြောင်းလဲပြုပြင်လာကြပါသည်။ သွားတွင်စိန်ထည့်ခြင်း၊ သွားဖြူအောင်လုပ်ခြင်းနှင့် သွားအလှဆင်နည်းပညာကိုပါ ပြုလုပ်လာပါသည်။

ရှေးဘိုခရိုင်၏ ဟန်လင်းမြို့ဟောင်း တူးဖော်သောအခါ ရှေးမြန်မာတို့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် သွားပေါ်တွင် ရွှေကပ်အလှဆင်နည်းပညာ ထွန်းကားခဲ့သည်ကို မေးရိုးနှင့် သွားကိုတွေ့ရှိ၍ ကမ္ဘာမှာ မြန်မာသည် သွားအလှဆင်နည်းပညာ ဆောလျင်စွာထွန်းကားခဲ့သည်ကို သိရှိနိုင်သည်။ မည်သို့သွားမျက်နှာပြင်ကို ထွင်း၍ကပ်သည်ဟူသော နည်းပညာကို မသိရှိခဲ့ပါ။

သွားညှိပညာရပ်တွင်လည်း သွားနှင့် မေးရိုးအနေအထားအရ ရှေ့ထွက်နေခြင်း၊ နောက်ဝင်နေခြင်း၊ကျဲနေခြင်း၊ လန်နေခြင်း၊ စောင်းနေခြင်း၊ မညီညာခြင်း၊ မလှပခြင်းကို ညီညာလှပစေရန် ပြန်ပြင်သည့် နည်းပညာရပ်ဖြစ်၏။ ပြုပြင်လိုက်သည့် အကျိုးကျေးဇူးသည် မျက်နှာအလှ၊ သွားအလှကို ကောင်းမွန်ရုံတင်မက သွားနှင့်ခံတွင်း၏ ကျန်းမာရေးပျက်စေသော အစားညပ်ခြင်း၊ သွားပိုးစားခြင်း၊ ကြိတ်ဝါးမှုမညီညာခြင်း၊ အစာမကြေခြင်း၊ မေးရိုးအဆစ်များ နာခြင်းမှလည်း ပပျောက်စေနိုင်ပါသည်။

သွားနှင့်ခံတွင်းသန့်ရှင်းခြင်း

ယခင်က သွားနှင့်ခံတွင်းကို ဆား၊ မီးသွေး၊ ပြာမှုန့်တို့သုံး၍ ပွတ်တိုက်ခြင်း၊ ရေနှင့် ပလုတ်ကျင်းခြင်း၊ သစ်ကိုင်းကိုထောင်း၍ သွားတိုက်တံအဖြစ် အသုံးပြုခြင်းဖြင့် သွားမျက်နှာပြင် သန့်ရှင်းရေးလုပ်ခဲ့ကြပါသည်။ သွားတိုက်တံ ပေါ်များစွာသုံးလာသော်လည်း ပွဲလမ်းသဘင်သွားခါနီး အချိန်၌သာ အသုံးပြုကြသည်။ မင်းတုန်းမင်းကြီးသည် နေ့စဉ် ရေမချိုးသော်လည်း နေ့စဉ်နံနက်တိုင်း သွားတိုက်သည်ဟုဆိုပါသည်။ ငယ်စဉ်က ဖတ်စာအုပ်တွင် နံနက်စောစောအိပ်ရာထ၊ မျက်နှာသစ်၊ သွားတိုက် ဆောင်ပုဒ်အစဉ်အလာအတိုင်း လူတိုင်းထိုအပြုအမူကို ပြုလုပ်ခဲ့ကြပါသည်။ သွားတိုက်သည့်အခါတွင်လည်း ကန့်လန့်ဖြတ် သွားတိုက်နည်းကိုသာ သုံးခဲ့ကြသည်ဖြစ်၍ ထိုအမှားများကိုပြုပြင်၍ ခေတ်သစ်၊ စနစ်သစ်ဖြင့် လေ့ကျင့်မှုကို ကူးပြောင်းပေးရန်လိုအပ်ပါသည်။

ယခုအခါတွင် အသုံးပြုသော သွားတိုက်ဆေးသည် ဖလူလိုရိုဒ်ပါရှိပြီး သွားတိုက်တံကို သွားမျက်နှာပြင်၌ ၄၅ ရာခိုင်နှုန်း စောင်းထားရှိပြီး အပေါ်သွားဆိုလျှင် အောက်သို့လှဲချခြင်း၊ အောက်သွားဆို အပေါ်သို့လှန်တိုက်ခြင်းဖြင့် သွားတိုက်သည့်ပုံစံပြောင်းလဲလာခဲ့ပါသည်။ သွားမျက်နှာပြင်အနှံ့တိုက်ရန် သွားတိုက်သည့်အချိန်သည် အနည်းဆုံး သုံးမိနစ်ကြာသင့်ကြောင်း၊ သွားကောင်းစေချင်သောဆန္ဒနှင့်ကြမ်းတမ်းစွာ အားစိုက်မတိုက်သင့်ကြောင်း၊ သွားတိုက်တံကို မိသားစုဖြစ်လင့်ကစား ရောယှက်မသုံးသင့်ကြောင်း၊ သွားတိုက်တံကို ခြောက်သွေ့အောင် ထားရှိသင့်ကြောင်း၊ အသုံးပြုသောသွားတိုက်တံကိုလည်း မပျက်မစီးချင်းသုံးခြင်းသည် မှားနေကြောင်း၊ အနည်းဆုံးသုံးလခန့်သာသုံးသင့်ကြောင်း၊ ကလေးများ သွားတိုက်ဆေးအသုံးပြုလျှင် အနည်းငယ်သာထည့်သုံးသင့်ကြောင်း၊ သွားတိုက်ရုံတင်မက လျှာမျက်နှာပြင်ပေါ်ပါ တိုက်ပေးသင့်ကြောင်း၊ သွားတိုက်၍ မသန့်စင်နိုင်ပါက သွားကြိုသွားကြားရှိ စားကြွင်းစားကျန်များကို သွားကြားပွတ်ကြိုး (Dental Floss)ကို သုံး၍ ဖယ်ရှားသင့်ကြောင်း၊ သွားတိုက်ရမည့်အချိန်သည် ညအိပ်ရာမဝင်မီ အစာစားပြီးတစ်ကြိမ်နှင့် နံနက်အိပ်ရာထ အစာစားပြီး တစ်ကြိမ် တိုက်သင့်ကြောင်း ပြောင်းလဲလာပါသည်။ ရေချိုးခန်းနှင့်ရေအိမ်(Toilet) တွဲထားရသောအခြေအနေတွင် သွားတိုက်တံကို ရေအိမ်နှင့် ခြောက်ပေအကွာတွင် ထားရှိသင့်ကြောင်းလည်း အကြံပြုလာပါသည်။ ပြောင်းလဲမှုကိုအသိအမှတ်ပြု၍ လေ့ကျင့်ပျိုးထောင်လျှင် သွားတိုက်ခြင်းထက် ပို၍ကောင်းမွန်သော အစားထိုးရောဂါ ကုသနည်းများမရှိနိုင်တော့ပါ။ ပြောရလွယ်ပြီးလုပ်ရခြင်းက ခက်နေခြင်းဖြစ်သည်။ ထိုခက်ခဲမှုသည် ပျင်းရိခြင်းနှင့်အရေးမကြီးပါဘူးဟူသော ခံစားချက်များကြောင့်ဖြစ်သည်။

ပြောင်းလဲခြင်းကို သိရှိခြင်းကြောင့် အစဉ်အလာအဟောင်း ယုံကြည်သော ထင်မြင်ယူဆချက်များ ပယ်ဖျက်၍ နည်းသစ်၊ စနစ်သစ်ကို လိုက်နာကျင့်သုံးခြင်းဖြင့် မွေးကတည်းက ကောင်းမွန်စွာပါလာသော သွားသည် သက်တမ်းစေ့စွာ ထိထိရောက်ရောက် အသုံးပြုနိုင်ပြီး သွားဘက်ဆိုင်ရာ ရောဂါဝေဒနာများနှင့် ဝေးလာပါလိမ့်မည်။

ပြုံးပြုံးလေးလှ--လှလှလေးပြုံးဖို့---။
ပြုံးအနောက်က--ကောင်းသောသွားရှိမှ---။
မျက်နှာလည်းလှ--သွားလည်းလှမှာမို့---
စနစ်မှန်၊ အချိန်မှန် သွားတိုက်ပေးကြပါစို့---။



ဘဏ္ဍာ/အခွန်ဝန်ထမ်းများအား ဝန်ကြီးဦးလှထွန်း တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းသည် မတ် ၅ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းရည်မှန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှူဒါန်း

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်း ဘိုးဘွားရိပ်သာ ငွေပဒေသာပင်သို့ အလှူရှင်များက ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးချစ်ရွှေ လက်ခံယူစဉ်။ (၀၁၉)

သံတွဲမြို့တွင်း သောက်သုံးရေဖူလုံရေး ဆောင်ရွက်ထားရှိမှုကို မတ်၁ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာဦးသန်းလွင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ် မှုခင်းသတင်းများ

တောင်တွင်းကြီးမြို့၌ ဆိုင်ကယ်နှင့် စက်ဘီးတိုက်

တောင်တွင်းကြီး မတ် ၇

တောင်တွင်းကြီးမြို့ မြို့လယ်လမ်းဆုံ၌ မတ် ၃ ရက် နံနက် ၁၁ နာရီခွဲတွင် အနောက်မှ အရှေ့သို့ လူငယ်သုံးဦးစီးနင်းလာသော နံပါတ်မပါ တရုတ်နိုင်ငံလုပ် ကမ်ဘိုဆိုင်ကယ်တစ်စီးက တောင်မှမြောက်သို့စီးနင်းလာသော အမျိုးသမီးတစ်ဦး၏ စက်ဘီးအား ဝင်တိုက်ခဲ့ရာ ဆိုင်ကယ်တိုက်မှုကြောင့် စက်ဘီးနောက်ခွေများပျက်စီးသွားပြီး အမျိုးသမီးမှာ အနည်းငယ် ဒဏ်ရာရရှိသွားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်ဇော်ထက် (၁၁) ဦးကျော်ကျော် သီရိကွက်သစ် ရွှေအိုး(၂)ရပ်ကွက်နှင့် တေဇာဖုန်းနိုင်၊ ကျော်မောင်မောင်တို့သုံးဦးအား သက်ဆိုင်ရာမှ စစ်ဆေးအရေးယူလျက်ရှိပြီး ဖြစ်ပွားရာနေရာအနီး ဒေသခံအချို့က မော်တော်ဆိုင်ကယ်စီးနင်းသူ အချို့အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလိုက်နာမှု အားနည်းကြောင်း ပြောကြားခဲ့ကြသည်။ (၁၁၇)

ယာဉ်ကြောလုမောင်း ဆိုင်ကယ်ကြောင့် ဆိုင်ကယ်လေးစီး တစ်ပြိုင်တည်းတိုက်

ပုသိမ် မတ် ၇

မတ် ၅ ရက် ညနေ ၅နာရီ ၃၅မိနစ်ခန့်က ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက်နယ်မြေ ရှင်ပင်ဘုန်းပွင့်လမ်း မြောင်းမြစာသင်တိုက်ရှေ့၌ ရှင်ပင်ဘုန်းပွင့်လမ်း စားသောက်ဆိုင်တစ်ဆိုင်တွင်နေထိုင်သော မောင်စိုးပိုင်သည် ပသ/..... ကမ်ဘိုဆိုင်ကယ်ကို မြောက်ဘက်မှ တောင်ဘက်သို့မောင်းနှင်လာရာ ယာဘက်လမ်းကြော ချိုင့်ခွက်ကို ရှောင်တိမ်းလိုက်စဉ် ဝဲဘက်ယာဉ်ကြောသို့ရောက်ရှိသွားသဖြင့် မျက်နှာချင်းဆိုင်မောင်းနှင်လာသော ပြည်တော်သာ အိမ်ရာစခန်းနေ ကိုကျော်စိုးလှ ဆိုင်ကယ် ၁၉ယ/.....ကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသွားသဖြင့် နောက်မှလိုက်ပါလာသော ဆိုင်ကယ်နှစ်စီးကပါ ဆက်လက်တိုက်မိသွားသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ပသ/..... ဆိုင်ကယ်မောင်းသူ မောင်စိုးပိုင်နှင့် ၁၉ယ/..... ဆိုင်ကယ်မောင်းသူ ကိုကျော်စိုးလှတို့နှစ်ဦးမှာ ပြင်းထန်သောဒဏ်ရာများရရှိသွားကြပြီး ဆိုင်ကယ်နှစ်စီးစလုံးလည်း ကြေမွပျက်စီးသွားသည်။ အခြားဆိုင်ကယ်နှစ်စီး စီးသူများမှာ ပွန်းပဲ့ဒဏ်ရာမျှသာ ရရှိသွားကြောင်း သိရှိရသည်။ (၀၇၇)

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား

စပိန်လာလီဂါပွဲများ ဆက်လက်ယှဉ်ပြိုင် လီဗန်တေးတို့ နိုင်ပွဲရရှိ

မောင်မောင်မြင့်ဆွေ ရေးသားသည်

မက်ဒရစ် မတ် ၇

စပိန်လာလီဂါပွဲစဉ်များကို မတ် ၆ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လီဗန်တေးနှင့်အက်စ်ပန်းညိုအသင်းတို့ပွဲတွင် လီဗန်တေးက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အောက်ပုံ)**

နိုင်ပွဲရရှိ

လီဗန်တေးကွင်း၌ ကစားရသည့်ပွဲဖြစ်ရာ အိမ်ရှင်တို့ အနိုင်ရရှိရေး ခက်ခဲစွာကြိုးစားခဲ့ရသည်။ လီဗန်တေးအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၂၆ မိနစ်၌ ကိုင်စီဒိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အက်စ်ပန်းညိုတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ဒက်စ်ချာ၊ ဂါလန်၊ ဂါစီရာ၊ ကာလီဂျွန်နှင့် မက်စ်တို့က အဝါကတ်အပြခံခဲ့ရပြီး ချေပဂိုး မသွင်းနိုင်ခဲ့ချေ။ ထို့ကြောင့် လီဗန်တေးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အဝါကတ်ထိ

မာလာဂါနှင့် အိုဆာဆူနာအသင်းတို့ပွဲတွင် အိုဆာဆူနာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အိုဆာဆူနာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန်မိနစ် ၉၀ ၌ ဆာဂျီရိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အိုဆာဆူနာတို့ အနိုင်ရရှိခဲ့သော်လည်း စီဂျူဒို၊ ဆိုရီနာနို၊ ဆိုလာ၊ ပူနယ်၊ ဆာဂျီရိုနေကာနမ်တို့ အဝါကတ်ထိခဲ့သည်။ **(အင်တာနက်)**

အခြားပွဲရလဒ်

စပို့တင်ဂီဂျွန်	၂ -၀	ဂီတာဖေး
ဟာကျူလက်စ်	၁ -၂	အယ်လ်မီရီရာ

အင်တာမီလန်တို့ ခြေစွမ်းပြပြီး အိမ်ကွင်း၌ နိုင်ပွဲရရှိ

ရောမ မတ် ၇

အီတလီစီးရီးအေပွဲစဉ်များကို မတ် ၆ ရက်က ယှဉ်ပြိုင်ကစားရာ အင်တာမီလန်နှင့် ဂျီနိုအာတို့ပွဲတွင် အင်တာမီလန်က ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(ဝဲပုံ)**

အင်တာမီလန်အသင်း အိမ်ကွင်း၌ ကစားရသော်လည်း ဧည့်သည် ဂျီနိုအာအသင်းအတွက် ပွဲချိန် မိနစ် ၄၀ တွင် ပါလာစီရိုက အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

ငါးဂိုးရရှိ

အင်တာမီလန်တို့ ဒုတိယပိုင်းပွဲချိန် မိနစ် ၅၀ ရောက်မှသာ ပက်ဇီနီက ချေပဂိုးသွင်းယူခဲ့သည်။ ထို့နောက် ၅၁ မိနစ်နှင့် ၅၇ မိနစ်တို့တွင် အီတူးက နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့ပြီး ၇၁ မိနစ်၌ ပင်ဇက်ဇ်က တစ်ဂိုးသွင်းယူခဲ့သည်။ တစ်ဖန် ပွဲချိန် ၈၄ မိနစ်၌ နာဂါတိုမိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် အင်တာမီလန်တို့ ငါးဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ဂျီနိုအာအတွက် ဒုတိယချေပဂိုးကို မိနစ် ၉၀၌ အမ်ဘိုဆီလီက သွင်းယူခဲ့သဖြင့် အင်တာမီလန်တို့ ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ စီးရီးအေ နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ချီယေးဗိုနှင့် ပါးမားတို့ပွဲတွင် ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။ ဖီအိုရင်တီးနားနှင့် ကာတာနီးယားတို့ပွဲတွင် ဖီအိုရင်တီးနားက သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အနိုင်ရရှိ

ဖီအိုရင်တီးနားအတွက် ဂိုးများကို ပွဲချိန် ၂၁ မိနစ်နှင့် ၂၄ မိနစ်တို့တွင် မူတူးက နှစ်ဂိုးဆက်တိုက်သွင်းယူပြီး ပွဲချိန်မိနစ် ၆၀၌ ဂီလာဒီနိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် ဖီအိုရင်တီးနားတို့ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

အခြားပွဲရလဒ်များ

ဆမ်ဒိုးရီးယား	၂-၃	စီဆီနာ	နာပိုလီ	၀-၀	ဘရက်စီးယာ
ဘိုလော့ဂ်နာ	၂-၂	ကာဂလီယာရီ	အူဒီးနိစ်	၁-၀	ဘာရီ

Summer Camp သင်တန်း

Summer Camp အင်္ဂလိပ်စာ နှင့် IQ ...

- Four Skills English (Syllabus from England)
- Phonics Lesson
- Art & Craft
- Computing
- Free Library Access

Noble Nine Education Centre

မြဝတီရုပ်မြင်သံကြား

၈-၃-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၆။ မျိုးချစ်တပ်မတော်
၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၃၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၅ ၉။ အင်္ဂလိပ်စာသုတ
၄:၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၁၁။ ကြိုတင်တားဆီးရန်သူမီး
၅:၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၂၂)
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၆။ ဘောလုံးပွဲသာသနာနှင့် ဂန္တဝင်ဂီး (၅၀၀)
၆:၂၅ ၁၇။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** အပိုင်း(၆၄)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဦးတည်ချက် (၁၂)ရပ်
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ ဟာသရုပ်စုံ
၂၅။ မွေးမြူသုတ
၂၆။ သီချင်းလက်ဆောင်
၂၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန်ကျားတစ်ပြန်** (အပိုင်း-၁၈)
၂၉။ Mini Series
၃၀။ သင့်အတွက်မနက်ဖြန်

မြန်မာအသင်းနှင့် အိုလံပစ်ခြေစစ်ပွဲကစားရန် အိန္ဒိယအသင်းရောက်ရှိ ပရိသတ်တို့၏ လက်ခုပ်သံနှင့်အတူ မြန်မာယူ-၂၃ နိုင်ပွဲရရေး ကြိုးပမ်းမည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ဖိုးသော်ဇင်

မြန်မာ ယူ-၂၃ အသင်း နည်းပြချုပ် မီလန်ဇီဗာဒီနိုဗစ်။

ရန်ကုန် မတ် ၇

၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲ အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်ဖြစ်သည့် မြန်မာ ယူ-၂၃ အသင်းနှင့် အိန္ဒိယ ယူ-၂၃ အသင်းတို့၏ပွဲစဉ်ကို မတ် ၉ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပတော့မည်ဖြစ်သည်။

အရေးကြီး

ဖေဖော်ဝါရီ ၂၃ ရက်က အိန္ဒိယနိုင်ငံ ပူနေးမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ခြေစစ်ပွဲပထမအကျော့တွင် အိန္ဒိယအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားရာ မြန်မာယူ-၂၃ အသင်းအနေဖြင့် ယခုအိမ်ကွင်းပွဲစဉ်တွင် မဖြစ်မနေ အနိုင်ကစားရတော့မည်ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းမှာ ပထမအကျော့တွင် ရှုံးနိမ့်ထားသော်လည်း အဖိုးတန် အဝေးဂိုးတစ်ဂိုးရရှိခဲ့ရာ ယခု ဒုတိယအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိရုံဖြင့် နောက်တစ်ဆင့် တက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ယခုပွဲစဉ်မှာ မြန်မာယူ-၂၃အသင်းအတွက် ပထမအဆင့်ခြေစစ်ပွဲအောင်မြင်ရန် အရေးကြီးလျက်ရှိပြီး မဖြစ်မနေ အနိုင်ယူရတော့မည်ဖြစ်သည်။

ကြိုးပမ်း

၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ၏ ဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲကို အသင်းပေါင်း (၃၅)သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး ဆီဒင်သတ်မှတ်ချက်အဆင့် (၁၄)မှ (၃၅)အထိ စုစုပေါင်း (၂၂)သင်းမှာ ပထမအဆင့်ခြေစစ်ပွဲမှ စတင်ကစားရခြင်း ဖြစ်သည်။ မြန်မာအသင်းမှာ ပထမအဆင့်ခြေစစ်ပွဲမှ စတင်ကစားခဲ့ရပြီး ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ဖူးသည့် အိန္ဒိယအသင်းနှင့် ထပ်မံတွေ့ဆုံခဲ့ရခြင်း ဖြစ်သည်။ အဆိုပါ ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲတွင် နှစ်ကျော့စလုံး တစ်ဂိုးစီ သရေကျနေသောကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ မြန်မာတို့ ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ ၁၉၇၂ ခုနှစ်က ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော အိုလံပစ်ပြိုင်ပွဲတွင် နောက်ဆုံးအဆင့်ထိ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိပြီး အသန့်ရှင်းဆုံးအသင်းဆု ဆွတ်ခူးရရှိခဲ့သည်အထိ အစဉ်အလာကောင်းများ ပိုင်ဆိုင်ဖူးသော မြန်မာအသင်းအနေဖြင့် ယခု ၂၀၁၂ ပြိုင်ပွဲတွင် ပထမအဆင့် ခြေစစ်ပွဲအောင်မြင်ရန် ကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယအသင်းနှင့် ပထမအကျော့ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာယူ-၂၃ အသင်း။

အားဖြည့်ရွေးချယ်

လန်ဒန်အိုလံပစ် ခြေစစ်ပွဲဝင် မြန်မာယူ-၂၃အသင်းကို ဆားဘီးယားလူမျိုး နည်းပြ မီလန်ဇီဗာဒီနိုဗစ်က နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ပထမအကျော့၌ သွားရောက်ကစားခဲ့သည့် ကစားသမား ၁၈ ဦးအပြင် AFC Challenge Cup ခြေစစ်ပွဲဝင်မည့် ပထမ မြန်မာ့လက်ရွေးစင်အသင်းမှ တိုက်စစ်မှူး ကျော်ကိုကိုနှင့် နောက်ခံလူ ရဲဇော်ထက်အောင်တို့ကို ထပ်မံအားဖြည့်ရွေးချယ်ထားခဲ့သည်။

မြန်မာယူ-၂၃ အသင်းနည်းပြချုပ် မီလန်ဇီဗာဒီနိုဗစ်က "အသင်းရဲ့ ခြေစွမ်းကို အားရပါကြောင်း၊ ပထမအကျော့ ယှဉ်ပြိုင်စဉ်ကထက်ပင် မိမိကစားသမားများ ပိုကောင်းလာကြောင်း၊ ပထမအကျော့ကစားခဲ့သည့် ခြေစွမ်းကို အားရကျေနပ်သော်လည်း အမှားတချို့ရှိခဲ့ကြောင်း၊ ပထမအကျော့အမှားများကို ပြင်ဆင်ကာ ဒုတိယအကျော့တွင် အနိုင်ရအောင်ပြင်ဆင်ထားကြောင်း၊ အိမ်ကွင်းတွင်ကစားရမည့် ယခုပွဲတွင် အနိုင်ရမည်ဟုယုံကြည်ကြောင်း၊ အိန္ဒိယအသင်းကို အနိုင်ကစားပြီး ပထမအဆင့်ခြေစစ်ပွဲ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း" ပြောကြားသွားသည်။

ဒုတိယအကျော့ ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် အိန္ဒိယအသင်းသည် မတ်လ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာခဲ့သည်။ အိန္ဒိယပြည်တွင်းလိဂ်ကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကစားသမားအများစုဖြင့် ဖွဲ့စည်းထားပြီး ထိပ်တန်းကလပ် အရှေ့ဘင်ဂေါအသင်းမှ ကစားသမားများလည်း ပါဝင်နေကြောင်း သိရသည်။

အိန္ဒိယ အိုလံပစ်အသင်းတွင် အသင်းမန်နေဂျာနှင့် နည်းပြအဖွဲ့ဝင် ခုနစ်ဦး၊ ကစားသမား ၁၈ ဦး စုစုပေါင်း ၂၅ ဦး ပါဝင်သည်။ ပထမအကျော့ခြေစစ်ပွဲအဖြစ် အိန္ဒိယနိုင်ငံ ပူနေးမြို့တွင် ယှဉ်ပြိုင်ကစားခဲ့စဉ်က အိမ်ရှင် အိန္ဒိယအသင်းက ၂-၁ ဖြင့် အနိုင်ရရှိခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့် မိမိမြေပေါ်တွင် ပြန်လည်ကစားရမည့် ဒုတိယအကျော့ပွဲစဉ်တွင် အနည်းဆုံး ၁-၀ ဖြင့် ပြန်လည်အနိုင်ရမှသာ နောက်တစ်ဆင့် ခြေစစ်ပွဲ တက်နိုင်မည်ဖြစ်သည်။

ပထမအဆင့် ခြေစစ်ပွဲအောင်မြင်ရန် အိမ်ကွင်း၌ အိန္ဒိယအသင်းကို မဖြစ်မနေ အနိုင်ကစားရမည့် မြန်မာယူ-၂၃ အသင်းအတွက် "မြန်မာ၊ မြန်မာ" ဆိုသော မြန်မာဘောလုံးပရိသတ်များ၏ တစ်ခဲနက်အားပေးမှုက အရေးပါလျက်ရှိပါကြောင်း။ ။

၂၀၁၂ လန်ဒန်အိုလံပစ် ပထမအဆင့် ဘောလုံးခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် မြန်မာအသင်းနှင့် ယှဉ်ပြိုင်ကစားရန် အိန္ဒိယအိုလံပစ်အသင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟောင်ပါးကျေးရွာအုပ်စု ဟောင်ပါးကျေးရွာ၌ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းလွင်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဇော်ဦးနှင့် ဆေးပေးခန်းအလှူရှင် ဦးတင်မြင့်ဝင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ထွေ/အုပ်)

ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ရေး မတ် ၆

တတိယအကြိမ် ရေးမြို့မ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်က ရေးမြို့ အဏ္ဏဝါရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

(အောက်ဝဲပုံ)

ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်ဖွင့်လှစ်ပြီး နာယကဆရာတော်ကြီးက ဩဝါဒကထာ မြွက်ကြား၍ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

သင်တန်းဖွင့်

ဆက်လက်၍ သင်တန်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဆရာကြီး ဦးသိန်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ငါးလုပ်ငန်းဦးစီးဌာန ကဏန်းမျိုးစိုက်ထည့်ပွဲ ကျင်းပ

လပွတ္တာ မတ် ၆

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကဏန်းမျိုးများ မပြုန်းတီးစေရေး ရည်ရွယ်ချက်ဖြင့် ကဏန်း မဖမ်းရ ဘေးမဲ့ဇုန် သတ်မှတ်ထားသော နေရာအတွင်းသို့ ဖေဖော်ဝါရီ ၁၀ ရက် နံနက်က ကဏန်းမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဒေသခံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းနှင့် အရာရှိကြီးများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းနှင့် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကိုကိုဦးနှင့် ဝန်ထမ်းများ၊ ရေလုပ်ငန်းရှင်များ စုစုပေါင်း အင်အား ၁၀၀ ခန့် တက်ရောက်ကြသည်။

စိုက်ထည့်ပေး

အခမ်းအနားတွင် ဥဆောင်ကဏန်းအမများ စုစုပေါင်းကောင်ရေ ၁၅၀၀၀ကို အဆိုပါ ကဏန်းမဖမ်းရ ဘေးမဲ့ဇုန်ဒီရေတောအတွင်းသို့ စုပေါင်းမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ငါးလုပ်ငန်းဦးစီး)**

ပန်းအလှပင်များ ပျိုးထောင်

အင်းတော် မတ် ၆

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အဖွဲ့ဝန်ထမ်းများစုပေါင်း၍ ပန်းအလှပင်များပျိုးထောင်နေမှုကို ဖေဖော်ဝါရီ၂၁ရက်က အမှုဆောင်အရာရှိဦးဝဏ္ဏအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ပြင်ဦးလွင် (၈)မိုင်သုသာန်တွင် ဒုတိယမြောက် မီးသဂြိုဟ်စက် တည်ဆောက်ရန်အတွက် ဖေဖော်ဝါရီ ၁၆ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထည့်ဝင်ငွေ ကျပ်သိန်း ၂၀၀ ကို ခရိုင်ဥက္ကဋ္ဌဦးအောင်မြင့်က မီးသဂြိုဟ်စက်ဖြစ်မြောက်ရေးကော်မတီဝင် မြို့မိမြို့ဖ ဦးချစ်ဆွေ(ပြင်ဦးလွင်ချစ်ဆွေ)ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦး ကြည် တင်တိုက်ကြီး မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ဂါလန် ၇၀၀၀ဆံ့ အမြင့်တင်ရေစင်ဆောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၂၈ရက်ကကြည့်ရှုစစ်ဆေးရာ အဖွဲ့ အမှုဆောင်အရာရှိ သူရ ဦးမြင့်သူ ရှင်းလင်း တင်ပြစဉ်။
(မြို့နယ်စည်ပင်)

တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု (၁၁၈)ကြိမ်မြောက် သွေးလှူ

ရန်ကုန် မတ် ၇

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ရန်ပုံငွေ ရှာဖွေရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး သုဓမ္မမဏိ ဇောတစရ ဘွဲ့တံဆိပ်တော်ရ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့်လူမှုထူးချွန်(ပထမဆင့်)ဆုရှင်**(အပေါ်ပုံ)**သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် မတ်၃ ရက်က (၁၁၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးသင်တန်းဖွင့်

မိုးကောင်း မတ် ၆

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း(မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၁၁ နာရီက မိုးကောင်းမြို့နယ်မြေစာရင်းဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌကိုယ်စားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမင်းလတ်က အမှာစကား ပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိဦးသက်နောင်ကလယ်ယာသန်းခေါင်စာရင်း ကောက်ယူမည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းသင်တန်းသား၂၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ *(ဝ၆၂)*

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆေးရုံရှေ့ မြေယာရှုခင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမြင့် မတ် ၄ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် မိုးညှင်းမြို့နယ် ဟဲလုံကျေးရွာ ရေပေးရေးလုပ်ငန်းဖြစ်သော ရေဝေကန် (၈×၈×၄)ပေ တည်ဆောက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း မတ် ၁ ရက်က တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စုဝမ်ကျောက်လုံ-ပန်စလီကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့ ရှင်းလင်းတင်ပြစဉ်။ (ဝ၆၀)

ရေးမြို့နယ် ဟံဂံကျေးရွာ ပတောင်းတောင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ မတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဖေဖော်ဝါရီ ၂၈ရက်က သံတွဲမြို့နယ် ဦးကျော်ရင်လမ်း ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမရပူရမြို့နယ် ကျေးရွာချင်းဆက်တံတားများဖွင့်လှစ်

အမရပူရ မတ် ၆

အမရပူရမြို့နယ်ရှိ သံကူကွန်ကရစ်တံတားသစ် သုံးစင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်က အမှတ်(၁) တံတားသစ်ထိပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးခင်အောင်၊ မြို့နယ်ဒုတိယဦးစီးမှူး ဦးရဲလွင်နှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ တံတားသုံးစင်းမှာ အရွယ်အစားတူညီကာ တံတားအရှည် ၁၅ ပေ၊ အကျယ် ၁၂ ပေနှင့် အမြင့်ကိုးပေစီရှိပြီး ကုန်ကျငွေ ကျပ်လေးဆယ့်ခုနစ်သိန်းငါးသောင်းဖြစ်ကြောင်း သိရှိရသည်။ (ဝ၅၃)

ဖတ်ကြား

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ပွင့်ဖြူမြို့ ပြည်သူ့အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ ပြည်ထောင်စုနေ့ သဝဏ်လွှာကို ပွင့်ဖြူမြို့နယ် ဥက္ကဋ္ဌဦးလှဌေး ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်း ထွေထွေ

အာရုံခံတန်ဆောင်းအတွက်လှူဒါန်း

ရန်ကုန် မတ် ၇

မန္တလေးတိုင်းဒေသကြီးညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်တွင် ဆီမီး၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ဆောက်လုပ်ဆဲ ၉၉၀၀ အာရုံခံတန်ဆောင်းကြီး ကွန်ကရစ်တိုင်တစ်လုံးအတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းပွဲကို မတ် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့ စုပေါင်းရုံးဝင်းအဖွဲ့ရုံးခန်း၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် အဖွဲ့နာယက ဦးစိုးဝင်း(သတင်းထောက်စဥ့်ကူစိုးဝင်း)က ဆောက်လုပ်ဆဲ တန်ဆောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အင်းစိန် အလက(၄) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းက လှူဒါန်းသည့် ရည်ရွယ်ချက်ကို ပြောကြားကာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ စုပေါင်း အလှူငွေကျပ် တစ်သိန်းငါးသောင်းကို အဖွဲ့နာယက၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဦးခင်မောင်ညွန့်(တရားရုံးချုပ်ရှေ့နေ)တို့ထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ဆက်သွယ်လှူဒါန်း

ထို့နောက် အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးသိ (တရားရုံးချုပ်ရှေ့နေ)က ကျေးဇူးတင်စကား ပြောကြားသည်။ ကွန်ကရစ်တိုင် ခြောက်တိုင်အတွက် လှူဒါန်းလိုသူများသည် ဖုန်း-၆၄၃၈၂၆ နှင့် ၆၄၃၅၉၃ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ဝ၁၇)

မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

မော်လမြိုင် မတ် ၆

မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ၂၀၀၉-၂၀၁၀ ခုနှစ် အတွေ့အကြုံ ရှင်းလင်းတင်ပြခြင်းနှင့် ဗဟိုကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မော်လမြိုင်မြို့ မြိုင်ရတနာလေးထပ်ဈေးရှိ MYC ခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ အခမ်းအနားတွင် မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးနေဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးဦးစောငွေက မွန်ပြည်နယ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များကို အသေးစိတ်ဆွေးနွေးသည်။ **(အောက်ပုံ)**

အကြံပြုဆွေးနွေး

ဆက်လက်၍ မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အမှုဆောင်အဖွဲ့ဝင် ဦးအောင်မင်းက အသင်းဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အမှုဆောင်အဖွဲ့ဝင် ဦးမျိုးမင်းယုက ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ထားရှိမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် အသင်းဝင်များက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (၁၀၇)

ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆု DUAL TECH မှ ရရှိ

ရန်ကုန် မတ် ၇

DUAL TECH သင်တန်းကျောင်းတွင် City & Guilds (UK) Engineering Diploma သင်တန်းများမှ Refrigeration & Air -Con ဘာသာရပ်များဖြင့် (Medal for Excellence 2010-11) ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆု (Gold Metal) ရရှိခဲ့ကြောင်း သိရသည်။

DUAL TECH သင်တန်းကျောင်းသည် City & Guilds (UK) အသိအမှတ်ပြု သင်တန်းကျောင်းဖြစ်ပြီး အင်္ဂလန်မှ ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးကြောင်း၊ ဘာသာရပ်ပေါ်မူတည်၍ ခြောက်လသင်တန်းနှင့် တစ်နှစ်သင်တန်းနှစ်မျိုးရှိကာ နိုင်ငံတကာတွင် တက်ရောက်နိုင်သော အင်ဂျင်နီယာဒီပလိုမာဖြစ်ပြီး City & Guilds (UK) မှ စာမေးပွဲစစ်ဆေးကြောင်း၊ မြန်မာနိုင်ငံတွင် ၎င်းမေးခွန်းကို British Council က ကြီးမှူးကျင်းပပြီး DUAL TECH က နှစ်စဉ် ဘာသာရပ်အလိုက် ၉၀ရာခိုင်နှုန်း၊ ၉၇ရာခိုင်နှုန်း၊ ၉၈ရာခိုင်နှုန်း၊ ၁၀၀ ရာခိုင်နှုန်းအထိ အောင်ချက်များ ရှိကြောင်း သိရသည်။

နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာ ဒီပလိုမာဘွဲ့ကို ပြည်တွင်းတွင် ရယူနိုင်သော ဘွဲ့တစ်ခုဖြစ်ကာ တက်ရောက်နိုင်သော ဘာသာရပ်များမှာ- Diploma in Mechanical, Diploma in Electrical, Diploma in Electronic, Diploma in Refrigeration & Air- Con, Diploma in Civil (Construction), Diploma in M& E, Advanced Engineering Diploma Courses တို့ဖြစ်ကြောင်း၊ အခြေခံပညာ အထက်တန်းအဆင့် ရှိသူများမှစ၍ သင်ယူနိုင်ပြီး Advanced Diploma ကို GTC , B-Tech, BE ကျောင်းသားများ တက်ရောက်နိုင်ကြောင်း၊ ၎င်းသင်တန်းများအပြင် ရက်တိုသက်မွေးစက်မှု-လက်မှုသင်တန်းများ၊ လက်တွေ့ အင်ဂျင်နီယာသင်တန်းများ၊ သင်္ဘောသား အထောက်အကူပြု သင်တန်းများ၊ စာရင်းကိုင် ဒီပလိုမာ သင်တန်းများ၊ ကွန်ပျူတာသင်တန်းများနှင့် အင်္ဂလိပ်စာသင်တန်းများကိုပါ သင်ကြားပေးနေကြောင်း၊ ဆက်သွယ်ရန်လိပ်စာမှာ Center (1) လမ်းသစ်လမ်း အာလိန်ငါးဆင့်ဘုရားအနီး အင်းစိန်မြို့နယ် ရန်ကုန်မြို့နှင့် Center (2) တိုက် (၂၀၆/၂) ရန်ကင်းလမ်းမကြီး ၁၂လုံးတန်းမှတ်တိုင် (မီးပွိုင့်အနီး) ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၂၇၂၉၃နှင့် ၀၉-၇၃၀၂၀၈၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ရွှေကူမြို့ မင်းရဲကျော်စွာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ ဒီဇင်ဘာ ၁၂ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးချိုဇံနိုင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၇၉)

စာအုပ်တိုက်သစ် မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မတ် ၇

The Essence Book House အက်(စ်)နက်(စ်) စာအုပ်တိုက်သစ် တည်ထောင်ခြင်း စတင်သည့် အထိမ်းအမှတ် မိတ်ဆက်ပွဲကို မတ် ၂ ရက် မွန်းလွဲက ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ် ပုဂံခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ စာအုပ်တိုက်သစ်၏နာယကဖြစ်သူ ဦးမြင့်စိုးလှိုင်က မိတ်ဆက်အမှာစကားပြောကြားပြီး စာအုပ်တိုက်သစ်၏ မျိုးဆက်လူငယ်ဖြစ်သော တည်ထောင်သူ ကိုအောင်စည်သာက ထုတ်ဝေရခြင်းနှင့်အနှစ်သာရရှိသော စာအုပ်များ၊ လူငယ်များအတွက် ဘဝခရီးလမ်းအောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပညာပေးစာအုပ်များ၊ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးနိုင်မည့် ရည်ညွှန်းစာအုပ်များ၊ လူနေမှုဘဝမြင့်မားစေရေးတို့နှင့် ပတ်သက်သော စာအုပ်များကို အနှစ်သာရရှိစွာ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ (ယာပုံ) (ဝဝ၇)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

အဖွဲ့ဝင်(၁၅)ဦးပါ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်း

ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာ အမျိုးသားလွှတ်တော်တွင်ဖြေကြားသော မေးခွန်းများ၊ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရမည်

နေပြည်တော် မတ် ၇

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၃) ဦးရှိသည့်အနက် (၂၂၃) ဦးစလုံး တက်ရောက်သည့်အတွက် ၁၀၀ ရာခိုင်နှုန်း ရာနှုန်းပြည့်ဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၄ ကော်လံ ၁ ◆

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)